**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**
**အတွဲ (၂)၊ အမှတ် (၁၆)၊ စက်တင်ဘာ ၂၀၁၈**

Burma Monitor
Research & Monitoring

ယခု ရက်စွဲ မှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၁၃ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေး သတင်းစုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက် သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ် မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များ ပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

### ကချင်

- စက်တင်ဘာ (၈) ရက်နေ့တွင် ကချင်ပြည်နယ် အရှေ့ဘက် မြစ်ကြီးနား-ဗန်းမော်လမ်း အနီးရှိ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တပ်စခန်း တစ်ခုကို မြန်မာ့တပ်မတော် မှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ Dabak နှင့် Maisak Pa ကြား အဆိုပါ KIA ရှေ့တန်းစခန်းငယ်ကို မြန်မာ့တပ်မတော်မှ အင်အား အလုံးအရင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်လာသောကြောင့် စက်တင်ဘာလ ၈ ရက်နေ့ ညနေ (၄) နာရီခန့်တွင် တိုက်ပွဲဖြစ်ပြီး ၎င်းစခန်းကို စွန့်ခွာပေးလိုက်ရသည်ဟု လိုင်ဇာ KIA သတင်းရပ်ကွက်မှ အတည်ပြုပေးခဲ့ကြောင်း KhinNews မှ သတင်းဖော်ပြခဲ့သည်။ (KachinNews) နောက်ဆက်တွဲ သတင်း ( စက်တင်ဘာလ ၈ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ KIA တပ်စခန်း တခုအား သိမ်းပိုက်ခဲ့သည် ဆိုသည်မှာ မဟုတ်မှန်ကြောင်း KIO ဒုဥက္ကဋ္ဌ ဗိုလ်ချုပ် ဂွမ်မော်မှ အတည်ပြု ပြောခဲ့သည်။ (Mizzima)

- စက်တင်ဘာလ ၁၁ ရက်နေ့ နံနက် ၉နာရီတွင် ကချင်ပြည်နယ် ဖားကန့်မြို့အနီး၌ ရတနာ လုပ်ကွက်များ တွင် ရှိနေသော ရက္ခိုင့်တပ်မတော် (ULA/AA) နှင့် မြန်မာ့တပ်မတော်တို့ နစ်ဖက် အပြန်အလှန်တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ULA/AA ဘက်မှ ၃ ဦးအား ဖမ်းဆီးရမိခဲ့သည်ဟု ကာကွယ်ရေးဦးစီးချုပ်ရုံး Website မှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

## ရှမ်း

- ဩဂုတ်လ ၂၉ ရက်နေ့တွင်ရှမ်းပြည်မြောက်ပိုင်းနမ္မတူမြို့နယ်၌ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)၊ သျှမ်းပြည် တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (ShanNew)

- ဩဂုတ်လ ၃၀ ရက်နေ့ နေ့လည် ၂း၂၆ နာရီမှ ၆း၀၀ နာရီ တအန်းပြည်နယ်၊ တပ်မဟာ ၁ နယ်မြေ၊ မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအထက်တွင် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် မြန်မာ့တပ်မတော် တပ်မ ၁၁၊ တပ်မ ၈၈ လက်အောက်ခံ ခမရ ၁၀၃၊ခလရ ၁၀ တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA)

- ဩဂုတ်လ ၃၀ ရက်နေ့တွင် နမ္မတူမြို့နယ်အတွင်းရှိ ကောင်းဟုန်း၊ ဆမ်ခါးနှင့် မန်မိုင်တကျော့ဒေသ၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၊တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် အနီးအနားတစ်ဝိုက်ရှိ ကျေးရွာများအားလုံး ဒေသခံ၁ထောင်နီးပါး မန်စံကျေးရွာသို့ ထွက်ပြေးခိုလှုံနေခဲ့ရသည်။ (Marnagar) (Taifreedom)

- ဩဂုတ်လ ၃၁ ရက်နေ့တွင် နမ္မတူမြို့နယ်အတွင်းရှိ နမ့်ဆီလင်းရွာအောက်ပိုင်း၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၊တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ကျေးရွာသားများသည် မန်စံကျေးရွာသို့ ထွက်ပြေးခဲ့ကြရသည်ဟု နမ့်ဆီလင်း ကျေးရွာဥက္ကဌဖြစ်သူ တာအိုက်ထွန်းမှ ပြောခဲ့သည်။ **"မနက် ပိုင်း ရွာအောက်နားလေးမှာ တိုက်ပွဲတွေဖြစ်လို့ ရွာသားတွေ အကုန်ထွက်ပြေးရတယ်။ မနေ့ညက နည်းနည်းငြိမ်လို့ ကျွန်တော်တို့ ရွာစောင့် ဖို့ပြန်လာကြတယ်။ အဲမှာလည်း ထပ်ဖြစ်တယ်။ ဒီနေ့တော့ ပြေးနိုင် သွားနိုင်တဲ့လူငယ်တွေနဲ့ ရွာကိုပြန်လာပြီး စောင့်နေရတယ်"**ဟု ပြောခဲ့သည်။ (Marnagar)

- ဩဂုတ်လ ၃၁ ရက်နေ့ နံနက်ပိုင်း ၀၈း၅၀ နာရီမှ ၀၉း၄၀ နာရီအချိန်ထိ မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာ အထက်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာ့တပ်မတော် တပ်မ ၁၁၊ တပ်မ ၈၈ လက်အောက်ခံ ခမရ ၁၀၃၊ခလရ ၁၀ တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TheLadies) (TNLA)

- စက်တင်ဘာ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ပန်လုံကျေးရွာ အပြင်ဘက်၌ တပ်စွဲထားသည့် လက်နက်ကိုင်တစ်ခုမှ လက်နက်များ ပစ်ခတ်မှုကြောင့် ဒေသခံ ၂ ဦးထိမှန်ကာ အများအပြား ထွက်ပြေးတိမ်းရှောင်ရကြောင်း ပန်လုံ ဒေသခံတစ်ဦးမှ စက်တင်ဘာ ၂ ရက်နေ့တွင် ပြောခဲ့သည်။ **"တိုက်ပွဲဖြစ်တာမျိုးထိ မဖြစ်သေးဘူး။ ရပ်ကွပ် (၁)က ရွာအပြင်ဘက်မှ နေတဲ့ လက်နက်ကိုင်က ပစ်လို့ လေ။ ရွာသား ၂ဦးထိသွားတယ်။ အများအပြားကတော့ ကြောက်လို့ မန်လီဘက် ထွက်ပြေးကုန်ကြတယ်။ ဒီမနက် တိုက်ပွဲထပ်ဖြစ်မယ်လို့ သတင်းကလည်း ကြားထားရလို့လေ"**ဟု ပြောခဲ့သည်။ (Marnagar)

- စက်တင်ဘာလ ၁ ရက်နေ့ ညနေပိုင်း ၁၅း၀၀ နာရီမှ ၁၆း၀၀ နာရီအချိန်ထိ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မန်ဆာကျေးရွာအနီးတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၊တအာင်းအမျိုးလွတ်မြောက်ရေးတပ်မတော် (TNLA)တို့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA)

- စက်တင်ဘာ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ပန်လုံကျေးရွာ၊ ပန်ကိုင်ကျေးရွာများတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၊တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း ပန်လုံကျေးရွာ ဒေသခံ  စိုင်းစံထွန်းနှင့်စိုင်းမို တို့ကျည်ဆံထိမှန်ကာ သီပေါမြို့ ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည်။ တိုက်ပွဲများကြောင့် ဒေသခံရွာသားများအနေနှင့် သီပေါ၊ နမ္မတူစသည့် နီးစပ်ရာ မြို့များသို့ စစ်ဘေးရှောင်နေကြရကြောင်း နမ္မတူမြို့ခံ ပရဟိတအဖွဲ့များမှ ပြောခဲ့သည်။ (Voice) (BBC) (RFA) (ShanNew) (Marnagar)

- စက်တင်ဘာလ ၄ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာအနီး၌သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)နှင့် စဝ်ဆိုင်ဖ သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) အမှတ် ၉၉၉ တပ်ချုပ်၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် သွားလာ ဆက်သွယ်ရေး ကားများ ခေတ္တရပ်ဆိုင်းထားရကြောင်း၊ **"ဒီမနက် ၆ နာရီလောက် ပန်လုံကျေးရွာ ပန်ကိုင်ကျေးရွာ ဘက်မှာ လက်နက်သံတွေ ကြားရတယ်။ ပန်ကိုင် ကစစ်ရှောင် ၁၅ ဦးကို ကျနော်တို့ အဖွဲ့ သွားခေါ်တယ်။ ကျနော်တို့ စစ်ရှောင်သွားခေါ်တုန်းက ကားတွေ လမ်းပေါ်မှာ ရပ်နေရတယ်"** ဟု သီပေါမြို့ နယ်စည်းမခြား လူမှုကူညီရေး အသင်း ဥက္ကဋ္ဌ ကိုမျိုးမှ ပြောခဲ့သည်။(Tiefreedom) (ShanNews) (TNLA) (Mizzima) (RFA) (Taifreedom) (Marnagar)

## ကရင်

- ဩဂုတ်လ ၂၉ ရက် နံနက်ပိုင်း၌ ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ကရင်အမျိုးသားအစည်းအရုံး(KNU) လက်အောက်ခံ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ ၅ တပ်ဖွဲ့နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ **"မနေ့ကတစ်ကြိမ်ဖြစ်တယ်။ မိနစ်ပိုင်းလောက်ပဲကြာတယ်။ ဒီနေ့မနက် ၇ နာရီ ဝန်းကျင်လောက်က ထပ်ဖြစ်တယ်။ ပိုကြီးတယ်။ ပုဖွန်မြောင်းရွာအောက်နားနဲ့ နို့ထရွာ အနားတစ်ဝိုက်မှာဖြစ်တာ။ ရွာသားတွေကလည်း သုံးလေးအိမ်တစ်စု စုပြီး ကတုတ်ကျင်းထဲနေကြတယ်။ အခြေအနေကတော့ မကောင်းဘူးလို့"** ဒေသခံရွာသား စောကျော်ဖိုးမှ ပြောခဲ့သည်။ (BBC)(Irrawaddy) (7Day)

- စက်တင်ဘာလ ၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကရင်အမျိုးသားအစည်းအရုံး(KNU) လက်အောက်ခံ တပ်မဟာ ၅ ထိန်းချုပ်နယ်မြေ ဝဲကြီးနှင့် ကန်ညီနောင်ကျေးရွာတဝိုက်၌ KNU လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ ၅တပ်ဖွဲ့နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံရွာသားထောင်ချီပြီး မြိုင်ကြီးငူကို ထွက်ပြေ တိမ်းရှောင်ခဲ့ရသည်။ (DVB)

- ဩဂုတ်လ ၂၈ ရက်နေ့တွင် ဖာပွန်မြို့နယ်၊ အိမ်ကုန်းရွာနှင့် နိုထဲ့ကြား၌ မြန်မာ့တပ်မတော် တပ်မ (၄၄) လက်အောက်ခံ ခြေလျင်တပ်ရင်း (ခလရ-၂) နှင့် KNU တပ်မဟာ (၅) တပ်ဖွဲ့ဝင်တို့အကြား ထိတွေ့ ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်ကိစ္စကို KNU တပ်မဟာ ၅ ဘက်မှ ဩဂုတ်လ ၂၉ရက် နေ့စွဲဖြင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်-ရတခ တိုင်းမှူးထံ ကန့်ကွက်ကောင်း စာပေးပို့ခဲ့သည်။ ဆက်လက်ပြီး စက်တင်ဘာလ ၈ ရက်နေ့ ညနေ ၇ နာရီခွဲ အချိန်ခန့်တွင် ဘူးသို မြို့နယ် ကလာအောကလားဘက်၌ မြန်မာ့တပ်မတော် တပ်မ (၄၄) လက်အောက်ခံ (ခမရ-၂၀၇) တပ်ရင်းတို့ ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ (KIC)

- ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ မြန်မာ့တပ်မတော် နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၅) အကြား ဩဂုတ်လကုန်ခန့်တွင်လည်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး စက်တင်ဘာ ၁၀ ရက်အထိ ပြေလည်မှု မရသေးဘဲ နှစ်ဖက်တပ် များနီးကပ်စွာရှိနေဆဲဖြစ်ကြောင်း ဗိုလ်မှူးစောကလယ်ဒိုက ပြောခဲ့သည်။ (7day)

## ရခိုင်

- ဩဂုတ်လ (၂၉) ရက်နေ့၊ နံနက် (၁၀) နာရီခန့်တွင် မြန်မာတပ်မတော်နှင့် ရက္ခိုင့်တပ်မတော်(ULA/AA)တို့သည် အိန္ဒိယ-ရခိုင်ပြည်နယ် စပ်အနီး၊ "မွီလိုက်ဝ"ကျေးရွာမြောက်ဖက်အနီးတွင် မိနစ်(၃၀) ခန့်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TheArakanArmy)

- စက်တင်ဘာလ (၁၀) ရက်နေ့တွင် ထရော်အို အနီး၌ မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (ULA/AA) တို့ မိနစ် (၂၀) ခန့်ကြာတိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ပွဲတွင် ရက္ခိုင့်တပ်မတော်ဖက်မှ အလတ်စားဒဏ်ရာရသူ (၂) ဦးရှိခဲ့ပြီး မြန်မာ့တပ်မတော်ဖက်မှလည်း အနည်းဆုံး (၄) ဦးခန့်ကျဆုံးကာ ထိခိုက်ဒဏ်ရာရမှုများလည်း ရှိခဲ့သည်ဟု ရက္ခိုင့်တပ်မတော်ပိုင် သတင်းဌာန (ULA/AA) Page တွင်ဖော်ပြခဲ့သည်။ (ULA)

## အခြား

- ကရင်ပြည်နယ်မြောက်ပိုင်း ဖာပွန်ခရိုင်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် မြန်မာ့တပ်မတော်အကြား ပစ်ခတ်မှုတွေဖြစ်ပွားခဲ့ပြီး တင်းမာမှုများကြောင့် နစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးဖြေရှင်းနေသည်ဟု KNU ဒု-ဥက္ကဌ ပဒိုစောကွယ်ထူးဝင်းမှပြောခဲ့သည်။ **ကျွန်တော်တို့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ခရိုင်ခေါင်းဆောင်တွေက တာဝန်ယူဆောင်ရွက်နေ ပါတယ်။ တကယ်လို့သူတို့အောက်ခြေမှာ ဖြေရှင်းလို့မရဘူးဆိုရင် အထက်ကို တက်လာမှာပေါ့။ အခုက အောက်ခြေမှာရှိတဲ့တပ်ပိုင်းဆိုင်ရာကိစ္စကို တပ်ပိုင်းဆိုင်ရာခေါင်းဆောင်တွေက ဆောင်ရွက်နေတယ်** ဟု ပြောခဲ့သည်။ (BBC)

- SSPP/TNLA ပူးပေါင်းအဖွဲ့အတွင်း အမိန့်မနာခံမှုကြောင့် အချင်းချင်းပစ်ခတ်ခဲ့ရာ SSPP အဖွဲ့ဝင် ၁၉ ဦး သေဆုံးဟု သတင်းထွက်ပေါ်မှုသည် သတင်းအမှားသာ ဖြစ်ကြောင်း စက်တင်ဘာလ ၁၁ ရက်နေ့တွင် SSPP ပြန်လည်ရှင်းလင်းခဲ့သည်။ (Eleven) (TNLA)

- သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ ပူးပေါင်းအဖွဲ့အတွင် အမိန့်မနာခံခြင်းကြောင့် အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး SSPP ဘက်မှ ၁၉ ဦး သေဆုံးခဲ့ကြောင်း Daily Eleven က ဖော်ပြခဲ့သည့် သတင်းမှာ မှားယွင်းနေပါသဖြင့် ပြန်လည် ရှုတ်သိမ်းပေးရန်အတွက် TNLA မှ သတင်းထုတ်ပြန်ခဲ့သည်။ (TNLA) (7day)

## စစ်ဘေးရှောင်

### ကချင်

- ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် အထောက်အပံ့များ လိုအပ်နေကြောင်း ကချင်ပြည်နယ်မှ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကချင်ဖွံ့ဖြိုးရေးအဖွဲ့(KDG)၏ အမှုဆောင်ဒါရိုက်တာ ဦးလရီမှ ဩဂုတ် ၃၀ ရက်နေ့တွင် ပြောခဲ့သည်။ **"လက်ရှိ IDP စခန်းတွေမှာအထောက်အပံ့ လုံလုံလောက်လောက်မရတာရယ်၊ ပြီးတော့ သူတို့မှာ အသက်မွေးဝမ်းကျောင်း မရှိတော့တာရယ်၊ ဝင်ငွေမရှိတော့ တာရယ်၊မလိုလားအပ်တဲ့ လူမှုအခက်အခဲလေးတွေကြုံတွေ့နေရတယ်"**ဟု ပြောခဲ့သည်။ (StTime)

### ရှမ်း

- ဩဂုတ်လ ၃၁ ရက်နေ့တွင် နမ္မတူမြို့နယ်အတွင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၊ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)တို့ တိုက်ပွဲများကြောင့် မန်စံကျေးရွာ နှင့် မိုင်းမု ကျေးရွာတွင် စစ်ဘေး ရှောင် ၈၀၀ ကျော်လာရောက်ခိုလှုံနေကြကြောင်း စစ်ဘေးရှောင်များကို ကူညီပေးနေသည့် စိုင်းမြင့်မှ ပြောခဲ့သည်။ **" တိုက်ပွဲတွေကတော့ ၂၉ ရက်က စဖြစ်တာပဲ။ အခုထိ တိုက်ပွဲတွေဖြစ်နေတယ်။ စစ်ရှောင်တွေကတော့ ၂၉ ရက်ကတည်းက ရောက်နေတာ။ ဒီမနက်တောင် ထော်လဂျီ တစီးနဲ့ ထပ်ရောက်လာတယ်"** ဟု စိုင်းမြင့် မှ ပြောခဲ့သည်။ စစ်ဘေးရှောင်များမှာ နမ့်ဆီလင်း၊ မန်မိုင်၊ မန်ပုံ၊ ဆန်ခါ၊ ကောင်းဟုန်း၊ နောင်ငင်း၊ လွယ်ပန်ပေ့၊ လွယ်ဟန်း ရွာများမှ ရွာသားများဖြစ်ကြသည်။ (ShanNew)

- ရှမ်းပြည်နယ် နမ္မတူမြို့နယ်ရှိ မန်လီ၊ပန်သပြေ၊မိုင်းမုနှင့် မန်စံကျေးရွာများတွင် ရောက်ရှိနေသည့် စစ်ဘေးရှောင်များအတွက် အစားအသောက်များ အရေးပေါ် လိုအပ်နေကြောင်း သီပေါနယ်စည်းမခြား လူမှုကူညီ ရေးအသင်းမှ ကိုမျိုးကပြောသည်။ **"စစ်ဘေးရှောင်တွေက လျှပ်တပြတ်ဆိုတော့ အလှူရှင်က မရှိသေးဘူး။ ခုတော့ လိုအပ်တဲ့ အစားအသောက်အချို့ကိုတော့ ကျွန်တော်တို့ အဖွဲ့က ကူညီထောက်ပံ့ပေးထားတယ်။ ဒါမဲ့ မလုံလောက်သေးတော့ အဲတာတွေ လိုအပ်နေတယ်"**ဟု ပြောခဲ့သည်။ (Marnagar)

- ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ်အတွင်းရှိ မန်လီ၊ မိုင်းယု၊ မန်စံနှင့် ပန်သပြေကျေးရွာများအနီးတိုက်ပွဲများကြောင့် ဒေသခံများ စစ်ဘေးလွတ်ရာသို့ ထွက်ပြေးနေရကြောင်း သီပေါမြို့မှ နယ်စည်းမခြား လူမှုကူညီရေးအသင်းမှ ကိုမျိုးမှ စက်တင်ဘာ ၄ ရက်နေ့တွင် ပြောခဲ့သည်။ **"ပန်ကိုင်ရွာနားမှာ ဒီမနက်ပဲ တိုက်ပွဲထပ်ဖြစ်တယ်။ ဒီနေ့မနက်လည်း ပန်ကိုင်ရွာကနေပြီးတော့ နောက်ထပ် ၁၅ ယောက်ရောက်တယ်။ အခုလည်း သွားပြီး ကြိုနေတုန်းပဲ။ အခုက သီပေါက ဘိုးတော်ဘုန်းကြီးကျောင်းတိုက်မှာ ၃၀၀ ကျော်တယ်။ နမ္မတူ မန်လီကျေးရွာမှာလည်း တစ်ထောင်ကျော်ရှိတယ်"** ဟု ပြောခဲ့သည်။ (NMG)

- ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် အတွင်း စတင်ဘာလမှ စတင်ကာ တအာင်းအမျိုးလွတ်မြောက်ရေးတပ်မတော် TNLA နှင့် သျှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ၊ သျှမ်းပြည် တပ်မတော် (RCSS/SSA) တို့တိုက်ပွဲဖြစ်ပွားကာ စစ်ဘေးရှောင် ၂၂၀၀ ကျော် နေရပ်မှစွန့်ခွါနေရကြောင်းနမ္မတူ မြို့နယ် စစ်ဘေးရှောင်များ ကူညီရေး ကော်မတီမှ ဦးစိုင်းဘညာဏ်မှ ပြောခဲ့သည်။ **" နမ္မတူမြို့နယ်မှာတော့ ၁၈၁၄ ယောက် လာတယ်။ အမျိုးသား က ၇၉၉ ဦး အမျိုးသမီးစစ်ဘေးရှောင် ၁၀၁၅ ယောက် ရှိတယ်။ တိုက်ပွဲကလည်း ဆက်ဖြစ်နေတယ်။ စားဝတ်နေရေး ကတော့ ကျနော်တို့ကူညီနေပါတယ်"** ဟု ပြောခဲ့သည်။ (ShanNews)

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ မန်လီနှင့်ပန်သပြေကျေးရွာရှိ စစ်ဘေးရှောင်များအတွက် သောက်ရေသန့် လိုအပ်နေကြောင်း ပန်လုံကျေးရွာအုပ်စုမှ စစ်ဘေးရှောင်လာသည့် နန်းအေးဟုမ်မှ ပြောခဲ့သည်။ **"ဒီမှာက စစ်ရှောင်လာတဲ့သူများတော့ သောက်ရေမလောက်တဲ့ ပြဿနာကြုံနေရတယ်"** ဟု ပြောခဲ့သည်။ (DVB)
- နမ္မတီးချောင်း မကြာခဏရေကြီးမှုနှင့် အခြားအခက်အခဲများကြောင့် ကချင်ပြည်နယ် နမ္မတီးမြို့နယ်ရှိ AG ခရစ်ယာန် ဘုရားကျောင်း စစ်ရှောင်စခန်းမှ စစ်ဘေးရှောင်ပြည်သူ ၁၀၀ ကျော်တို့သည် မြစ်ကြီးနား မြို့နယ် ပမ္မတီးရပ်ကွက် နယ်မြေ (၅) ရှိ ယာယီစစ်ရှောင်စခန်းသို့ပြောင်းရွှေ့ခဲ့ပြီး အရေးပေါ်အကူအညီများ လိုအပ်နေကြောင်း စခန်းတာဝန်ခံ ဦးအားဖီမှ ပြောခဲ့သည်။ **"အထောက်အပံ့က ဆန်တစ်မျိုးပဲ ရသေးတယ်။ အစိုးရအဖွဲ့တွေ (ပြည်နယ်)လာကြည့်ပေမဲ့ ထောက်ပံ့ပေးတာတော့မရှိသေးဘူး"** ဟုပြောခဲ့သည်။ (MyanmarNow)

- ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ သျှမ်းပြည်ပြန်လည်တိုးတက်ရေးပါတီ (SSPP) ပူးပေါင်းအဖွဲ့တို့အကြား တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ပန်လုံရွာအပါအဝင် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများသည် စက်တင်ဘာ ၈ ရက်တွင် ရွာသို့ ပြန်ပြီ ဖြစ်သည်ဟု ဒေသခံနှင့်ကူညီရေး အဖွဲ့တာဝန်ရှိ သူများမှ ပြောခဲ့သည်။ (7day)

- ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ သျှမ်းပြည်ပြန်လည်တိုးတက်ရေးပါတီ (SSPP)၊ မြန်မာ့တပ်မတော် တို့ အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စစ်ဘေးရှောင်နေခဲ့ရသော ဘိုးတော်ဘုန်းကြီးကျောင်းရှိ စစ်ဘေးရှောင် ၂၇၈ ဦးခန့်သည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် နေ့ရပ်သို့ ပြန်လည် ထွက်ခွာသွားခဲ့သည်။ (ShanNews)

## ကရင်

- ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ ၅ တပ်ဖွဲ့နှင့် မြန်မာတပ်မတော်တို့ကြား ဩဂုတ်လ ၂၈ ရက်နေ့တွင် တစ်ကျော့ ပြန်ပစ်ခတ်မှုဖြစ်ပွားသောကြောင့် ဩဂုတ်လ ၂၉ရက်နေ့တွင် မြိုင်ကြီးငူစခန်း၌ ဒေသခံရွာသား ၂၀၀ ကျော် ထပ်မံထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ **"မနေ့က ပြန်ရောက် လာတာ ကန်ညီနောင် ရွာ တစ်ရွာ ပဲရှိသေးတယ်။ အဲဒီအနီးနားရွာတွေလည်း ထွက်ပြေးသေးတယ်ကြားတယ်။ ဒီမှာတော့ မရောက်လာသေးဘူး။ ရောက်တဲ့လူတွေက အခုလောလောဆယ် ရပ်ကွက်အတွင်းမှာပဲ နေတယ်။ စားတာက သူတို့နေတဲ့အိမ်မှာပဲ စားကြတယ်"**ဟု မြိုင်ကြီးငူ စစ်ဘေးရှောင်စခန်းမှ တာဝန်ရှိသူတစ်ဦးမှ ပြောခဲ့သည်။ (KIC) (BBC) (Irrawaddy)

- ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကန်ကြီးနောင်ကျေးရွာနှင့် ဝဲကြီးကျေးရွာတဝိုက်၌ KNU တပ်မဟာ ၅၊ မြန်မာ့တပ်မတော် နှင့် DKBA ခွဲထွက် အဖွဲ့တို့အကြား ဩဂုတ်၂၉ရက် နံနက်ပိုင်းတွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သောကြောင့် ကန်ညီနောင်ကျေးရွာသား ၄၀၀ လောက်သည် မြိုင်ကြီးငူသို့ ထွက်ပြေးတိမ်းရှောင်ကြရကြောင်း ကန်ညီနောင်ကျေးရွာသူ ဒေါ်ချိုမှ ပြောခဲ့သည်။ **"ဒီမှာ KNU နဲ့ တပ်မတော်နဲ့ ပစ်နေတော့လေ ရွာသားတွေက ထွက် ပြေးလာတယ်လေ၊ ရွာသားတွေ မနေရဲလို့ ထွက်ပြေးလာရတယ်၊ ဒီနေ့ပဲ ထွက်ပြေးလာတယ်၊ လူဦးရေ ၄၀၀ လောက်ရှိတယ်" ဟု ပြောခဲ့သည်။** (RFA)(BBC)

- မူတြော်(ဖာပွန်)ခရိုင် လူသော၊ ဒွဲလိုးနှင့်ဘူးသို စသည့်မြို့နယ်များတွင် ပြီးခဲ့သည့် ဩဂုတ်လ နောက်ဆုံးအပတ်အတွင်း မိုးကြီးရေလျှံမှုများကြောင့် ဒေသခံများ၏ လယ်မြေ၊ တောင်ယာ၊ ဥယျာဉ်ခြံနှင့် ဆည်ရေ မြောင်းငယ်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် အရေးပေါ်အကူအညီများ လိုအပ်နေကြောင်း ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ယက်(KESAN)၏ လူမှုဖူလုံရေးတာဝန်ခံ စောနေကော်မှ ပြောခဲ့သည်။ **"အကူအညီအထောက်အပံ့က တကယ့်ကို လိုအပ်နေတယ်။ လယ်မြေ၊ တောင်ယာပျက်စီး သွားတဲ့သူတွေ လာမယ့်နှစ်ဆို စားဖို့သောက်ဖို့အတွက် ဆန်စပါးစိုက်ပျိုးဖို့က ရှိသေးတဲ့အပေါ်မှာ အခု အချိန်ထိ တော့ အကူအညီတစ်စုံတစ်ရာလာပေးတာမျိုးတော့ မတွေ့ရသေးဘူး "** ဟု ပြောခဲ့သည်။ (KIC)

- စက်တင်ဘာလ ၅ ရက်နေ့တွင် မူဂျေ(ဖာပွန်)ခရိုင်အတွင်း ထိုင်း-မြန်မာနယ်စပ် သံလွင်မြစ်ကမ်းနဘေးရှိ အီတူးထာ စစ်ပြေးရှောင် (IDP) စခန်း၌ သံလွင်မြစ်ရေ ရုတ်တရက် မြင့်တက်လာခြင်းကြောင့် လူနေအိမ် အချို့ နစ်မြုပ်ခဲ့ပြီး ဒေသခံအချို့၌ ဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့နေ ထိုင်နေ ကြရကြောင်း စခန်း၏ လူမှုရေးတာဝန်ခံ စောပေါလယ်ကာလီလာမူးမှ ပြောခဲ့သည်။ (KIC)

## အခြား

- ကချင်ပြည်နယ်တွင် ရှိသော စစ်ရှောင် ဒေသများရှိ စစ်ရှောင်များ အကူအညီရရှိမှုများ နည်းပါးခဲ့သည်။ (MyanmarNow)

- စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်တွင် ရှိသည့် စစ်ဘေးရှောင် ဒုက္ခသည် မိသားစု ၂၈ စု အတွက် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း အိမ်အသုံးအဆောင် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ (DVB)

## လူ့အခွင့်အရေးချိုးဖောက်မှု

## ရှမ်း

- စက်တင်ဘာ (၁)ရက်နေ့တွင် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားနေသော ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ်ရှိ ရှေ့တန်းစခန်းများသို့ ဒေသခံရွာသားများကို မြန်မာ့တပ်မတော်မှ စားနပ်ရိက္ခာနှင့် အရက်ဖြူများ သယ်ပို့ခိုင်းကြောင်း၊ မြန်မာ့တပ်မတော်တပ်မ ၈၈ လက်အောက်ခံ တပ်ဖွဲ့များမှ Nam Um (နမ့်အွမ်)ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ကို တောင်းဆိုသည့်အတွက် ထော်လာဂျီကား တစ်စီးဖြင့် Loi Seng (လွယ်ဆိုင်) ရှေ့တန်းနယ်မြေသို့ ပို့ပေးခဲ့ရကြောင်း အမည်မဖော်လိုသူ ဒေသခံ တစ်ဦးမှ ပြောခဲ့သည်။ (KachinNews)

- စက်တင်ဘာလ ၃ ရက်နေ့၌ ဒေသတွင်း တိုက်ပွဲဖြစ်ပွားမှုကြောင့် နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာဒေသခံများ ရွာလုံးကျွတ်နီးပါး ဘေးလွတ်ကင်းရာ နေရာများသို့ နေရပ်စွန့်ခွာ စစ်ဘေး တိမ်းရှောင်နေချိန် ထိုနေရာ၌ လှုပ်ရှားလျှက်ရှိသည့် စဝ်ဆိုင်ဖ ဦးဆောင်သော သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၏ အမှတ် (၉၉၉) တပ်ချုပ်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ပူးပေါင်းတပ်ဖွဲ့တို့သည် ပန်ဟတ်ရွာ စစ်ရှောင်ဒေသခံများ၏ နေအိမ်များအား ဖောက်ထွင်း ဝင်ရောက်ကာ ရှာဖွေမွှေနှောက်ခြင်း ၊ ပစ္စည်းယူဆောင်ခြင်းများ ထပ်မံပြုလုပ်ခဲ့ကြောင်း အမည်မဖော်လိုသူ ဒေသခံတစ်ဦး၏ သတင်းပေးပို့သည်ဟု Taifreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ (Taifreedom)

- စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၇ နာရီကျော်ခန့်တွင် မန္တလေး-မူဆယ် ကားလမ်းမပေါ်တွင် ကုန်များတင်ဆောင်ပြီး မူဆယ်ဘက်သို့ ဦးတည်မောင်းနှင်လာသော ကား ၃ စီး ယာဉ်တန်းအား ကျောက်မဲမြို့နယ် နားခေါ်ကျေးရွာအုပ်စု ပူးခါးကျေးရွာ အရှေ့ဘက်တွင် အမည်မသိ လက်နက်ကိုင်အဖွဲ့တစ်ခုမှ ချောင်းမြောင်း ပစ်ခတ်ခဲ့သည်။ အဆိုပါ ပစ်ခတ်မှုကြောင့် မော်တော်ယာဉ်တန်းမှ ရှေ့ဆုံး ယာဉ်မောင်း စိုင်းအိုက်လှိုင်း (ခ) ရှမ်းလေး နှင့် ယာဉ်နောက်လိုက် ဦးဟာဆန် တို့နှစ်ဦးအား သေနတ်ထိမှန်ပြီး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ (Taifreedom)

- စက်တင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်း ၆ နာရီခွဲအချိန်တွင် ရှမ်းပြည်တောင်ပိုင်း ကျိုင်းတောင်းမြို့နယ်ခွဲ ကွန်မုန့်အုပ်စု ဥက္ကဌ စိုင်းဇင်လျန်း (ခေါ်) လုံးဂျပန်အား အမည်မသိလက်နက်ကိုင်ထားသည့်လူ ၂ ယောက်မှ ဆိုင်ကယ်တစီးဖြင့် ရောက်ရှိကာ နေအိမ်အတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ရာ အုပ်စု ဥက္ကဌမှာ ပွဲချင်းပြီးသေဆုံးခဲ့သည်။ **"မနက်စောကြီးရှိသေးတယ်။ ကျနော်တို့အုပ်စုဥက္ကဌ**

**သူ့နေအိမ်ခြံဝင်းထဲက ရေတွင်းမှာ ရေချပ်နေတုန်း ဆိုင်ကယ်စီး လူ ၂ ယောက်ရောက်လာပြီးတယောက်ကဆိုင်ကယ်မှာစောင့် တယောက်က ဝင်လာပြီး ပစ်ခတ်လို့ ဥက္ကဌနေရာမှာ တင်ပွဲချင်း ပြီးသေဆုံးသွားတယ်။ ၅ ချက်တောင်ထိတယ်။ ပစ်ခတ် ပြီးတော့ ဆိုင်ကယ်နဲ့ ပြန်ထွက်သွားကြတယ် ”-** ဟု ကျိုင်းတောင်းဒေသခံ စိုင်းဆေမှ ပြောခဲ့သည်။ (ShanNew)

- မြောက်ပိုင်းစစ်ရေးမဟာမိတ်တပ်ဖွဲ့ဝင်ဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) သည် မူဆယ်မြို့မ ဌာနေပြည်သူ့စစ်အဖွဲ့ နှင့် မူဆယ်မြို့နယ် ဒေသခံပြည်သူလူထုထံ ကျပ်သိန်းရာနှင့်ချီ ဆက်ကြေးတောင်းခံကြောင်း RCSS ပိုင် သတင်းဌာနဖြစ်သော Taifreedom သတင်းဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (Taifreedom)

- မတ်လ ၁၂ ရက်နေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ဖမ်းဆီးခဲ့သည့် ၁၂ ဦးအနက် ၁၀ ဦးသာ ပြန်လည် လွတ်မြောက်ခဲ့ပြီး ၂ ဦးမှာ ယခုလ စက်တင်ဘာလ အထိ ပြန်လည် လွတ်ပေးခြင်း မရှိခဲ့ကြောင်း Managar သတင်းဌာန မှ သတင်းဖော်ပြခဲ့သည်။ (Managar)

## မြေမြှုပ်မိုင်း

### ဒဏ်ရာရ

စက်တင်ဘာလ ၃ ရက်နေ့ ညနေပိုင်း ၃ နာရီခန့်တွင် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ် ကြက်သေကျေးရွာတောင်ဘက်ခြမ်း၌ တောထဲသို့ မှိုသွားရှာသည့် ကျောက်ဖြူလေးကျေးရွာခံ မောင်အေးသည် မိုင်းနင်းမိသဖြင့် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ (Marnagar)

## တွေ့ဆုံဆွေးနွေးမှု

စက်တင်ဘာလ ၅ ရက်နေ့တွင် တရုတ်နိုင်ငံ ကူမင်းမြို့၌ မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့ ဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်(MNDAA)၊ တအာင်းအမျိုးလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရက္ခိုင့် တပ်မတော် (ULA/AA)နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင် (PC) တို့ တွေ့ဆုံ ဆွေးနွေးခဲ့သည်။ **“ဒီတွေ့ဆုံတဲ့ ကိစ္စကတော့ ဒီငြိမ်းချမ်းရေးဖြစ် စဉ်မှာ ကျနော်တို့ တခါမှမတွေ့ဖြစ်ဘူး။ အခုမှပဲ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဘယ်လိုဆောင်ရွက်ကြမလဲ အဲဒါကို တဖက်နဲ့တဖက် အမြင်ချင်း ဖလှယ် ကြတာပေါ့။ အဲဒါကြောင့်မို့ ဒီနေ့ သဘောတူညီချက်ကတော့ နောက်တကြိမ်၊ နောက်တလ ပြန်ပြီးတွေ့ဆုံမယ်လို့ အဲလိုမျိုး သဘောတူထားပါတယ်။”** ဟု TNLA ပြောခွင့်ရသူ ဗိုလ်မှူး မိုင်းအိုက်ကျော်မှ ပြောခဲ့သည်။ ဆွေးနွေးပွဲသို့ တရုတ်အစိုးရ၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာဆွန်ကော်ရှန် အကူအညီနှင့် PC ဒု-ဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦး အပါဝင် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့သည်။ (DVB) (VOA) )(TNLA)

စက်တင်ဘာလ ၁၂ ရက်နေ့ နေ့လည်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါပြီး တောင်ကြီး မြို့နယ်၊ ကျောက်တလုံး ကြီးမြို့သို့ရောက်ရှိရာ ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်း ပြည်သူ့စစ်ဌာနေအဖွဲ့ နာယကအဖွဲ့ဝင် ဦးနေဝင်းထွန်း၊ ဦးအောင်ခမ်းထီတို့နှင့် တွေ့ဆုံခဲ့ပြီး ကျောက်တလုံး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နံနက်ပိုင်းကလည်း ကယားပြည်နယ် အတွင်းရှိ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများအပါအဝင် NCA လက်မှတ်ရေးထိုးရေးတို့ အတွက် ဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူးဗိုလ်ချုပ်လင်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး နယ်ခြားစောင့် တပ်များ၏

ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့၊ ဂုဏ်ထူး ဆောင်ဗိုလ်မှူးကြီး ထွန်းကျော်၊ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ(KNPP) ၊ ကရင်နီအမျိုးသားစည်းလုံး ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရစ်ချဒ်၊ ကယန်းအမျိုးသား ကာကွယ်ရေးတပ် (KNG)ဥက္ကဋ္ဌ ဦးဒွေးကို၊ ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ(KNPP) ၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ(KNPDP) ဒုတိယဥက္ကဋ္ဌ ဦးအောင်အောင်၊ ငြိမ်းချမ်းရေး အကျိုးဆောင်များဖြစ်ကြသည့် ဦးပေါလုချမ်း၊ ဦးခီးရယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (SGMAH) (MOI)

## အစည်းအဝေးများ

### UPDJC

- စက်တင်ဘာလ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (NCA-S-EAO UPDJC) အစည်းအဝေး ကျင်းပခဲ့သည်။ အစည်းအဝေးတွင် (NCA-S-EAO) အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး စိုင်းငင်းမှ အဖွင့်အမှာစကား ပြောခဲ့ပြီး၊ (၂၁) ရာစုပင်လုံ (တတိယအစည်းအဝေး) ဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုများအား ပြည်လည် သုံးသပ်ခြင်း၊ နိုင်ငံရေးဆွေးနွေးမှုမူဘောင် နှင့် ဆွေးနွေးမှုဆိုင်ရာ မူဘောင်များအား ပြန်လည်သုံးသပ်ခြင်း၊ (၂၁) ရာစုပင်လုံ (တတိယအစည်းအဝေး) ၏ ပူးတွဲထုတ်ပြန်ကြေညာချက်အပေါ် ပြန်လည်သုံးသပ်ခြင်း နှင့် NCA-S-EAO ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီး လာမည့် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျရောက်မည့် NCA လက်မှတ် ရေးထိုးသည့် (၃) နှစ်ပြည့် နှစ်ပတ်လည်ကိစ္စများကို အဓိကထားဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများဖြစ်သည့် သျှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS) ၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA) ၊ ချင်းအမျိုးသား တပ်ဦး (CNF) ၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP) ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA-PC) ၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားဒီမိုကရက်တစ်တပ်ဦး (ABSDF) အဖွဲ့များ မှကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ (Taifreedom)

- **စက်တင်ဘာလ ၆ ရက်နေ့နှင့် ၇ ရက်နေ့များတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ခုမ့်ဖူးခမ်းဟိုတယ်၌ NCA လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ ၏ ၂၄ ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။** အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ တတိယ အကြိမ် အစည်းအဝေး၏ ဆွေးနွေးမှုမှ ရရှိလာသည့် အချက်များအား ပြန်လည်တင်ပြသုံးသပ်၍ လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်မှုများ၊ JMC ဆိုင်ရာ ကိစ္စများကို ဆွေးနွေး သုံးသပ်ခြင်းများ ပြုလုပ်ခဲ့ပြီး EAOs ညီလာခံကြီး ပြုလုပ်သွားမည့်အကြောင်း သဘောတူညီမှု ရရှိခဲ့သည်။ ထို့ပြင် Centre for Humanitarian Dialogue (HD) မှ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာနှင့် စပ်လျဉ်း၍ တင်ပြခြင်း၊နိုင်ငံရေး ဆွေးနွေးမှု မူဘောင် ပြန်လည်သုံးသပ်ခြင်းအား စက်တင်ဘာလ ဒုတိယ အပတ်တွင် ပြုလုပ်သွားမည့်အကြောင်း၊ NCA-S-EAO UPDJC အတွင်း ပြန်လည်သုံးသပ်ခြင်း၊ NCA-S- EAO UPDJC ၏ အစီရင်ခံစာ၊ NCA နှစ်ပတ်လည်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ ကရင်မျိုးသား အစည်းအရုံး KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး၊ သျှမ်းပြည်ပြန် လည် ထူထောင်ရေးကောင်စီ RCSS/SSA ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ်၊ ချင်းအမျိုးသားတပ်ဦး CNF ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF ဥက္ကဋ္ဌ ရဲဘော် သံခဲ၊ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် PNLO ဒုဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုဥက္ကဋ္ဌ ၁ ဦးခိုင်စိုးနိုင်အောင်၊ ဒီမိုကရေစီ အကျိုးပြု တပ်မတော် DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမူရွေး၊ ကရင် ငြိမ်းချမ်းရေးကောင်စီ KNLA/PC အထွေထွေအတွင်းရေးမှူး ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး LDU ဒုဥက္ကဋ္ဌ ကြာဟား တို့ အပါအဝင် ခေါင်းဆောင်ကိုယ်စားလှယ် ၃၀ နီးပါး တက်ရောက်ခဲ့သည်။ (ShanNews) (TheLadies) (mmtime)

- **စက်တင်ဘာလ ၈ ရက်နေ့မှ ၁၁ ရက်နေ့ထိ ချင်းမိုင်မြို့ ၌ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်သား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီး ညီလာခံ ပြုလုပ်ခဲ့သည်။ ညီလာခံတွင် တတိယအကြိမ် ၂၁ ပင်လုံ ရလဒ်များ ပြန်လည်သုံးသပ်ခြင်း၊နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာများ တင်ပြခြင်း၊ နိုင်ငံရေး ကဏ္ဍ၊ လုံခြုံရေး ကဏ္ဍ လုပ်ငန်းလမ်းညွှန်ကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ဆိုင်ရာ လုပ်ငန်းလမ်းညွှန် နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်မှုများနှင့် ပတ်သတ်၍ ဆွေးနွေးခဲ့သည်။ အစည်းအဝေး အပြီးတွင်** လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင်ဖြစ်ပေါ်နေသော တစ်ဆို့မှုများကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ခေါင်းဆောင်များအကြား အမြန်ဆုံး တွေ့ဆုံ ညှိနှိုင်း၍ နိုင်ငံရေး သဘောတူညီချက် တစ်ခု အမြန်ချမှတ်ရန် လိုအပ်နေကြောင်း တို့ ပါရှိသော ထုတ်ပြန်ကြေညာချက် တစောင် ထုတ်ပြန်ခဲ့သည်။ (KNUHQ) (RFA) (SDtime) (NCA-S-EAO) (MonNews) (Mizzima) (KNUHQ) (7day) (NMG) (Eleven) (MMtime) (RFA) (7day) (KIC) (MonNews) (RFA) (Mizzima) (VOA) (7day)

## NMSP

- **စက်တင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့တို့တွင် မွန်ပြည်နယ် ရေးချောင်းဖျားဒေသရှိ ဝယ်ဇင် စခန်း၌ မွန်ပြည်သစ်ပါတီမှ တတိယကြိမ်မြောက် ၂၁ ရာစု ပင်လုံ ပြန်လည်သုံးသပ်ခြင်း အခမ်းအနား ပြုလုပ်ခဲ့ပြီး နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် မြေယာ သယံဇာတ သဘာဝဝန်းကျင် တို့နှင့် ပတ်သတ်ပြီး NMSP ခေါင်းဆောင်များမှ ပြန်လည်တင်ပြခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ မွန်ပြည်သစ်ပါတီ ဌာနချုပ် လက်အောက်ခံ ဌာနများ၊ ခရိုင်များဖြစ်သော မော်လမြိုင်၊ သထုံ၊ ထားဝယ်နှင့် ဗဟိုပတ်ဝန်းကျင် အုပ်ချုပ်ရေးဒေသ တာဝန်ရှိသူများနှင့် ဖိတ်ကြားသင့်သူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။** (MonNews) (KhoNumThung)

## JMC

- ဩဂုတ်လ (၂၉) ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-မွန်) သို့ ရောက်ရှိလာသော အငြင်းပွားမှုနှင့် တိုင်ကြားစာ များအား သုံးသပ် ညှိနှိုင်းသည့် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-S (မွန်) အတွင်းရေးမှူးများ၊ မွန်ပြည်သစ်ပါတီမှ ကိုယ်စားလှယ်များ၊ နည်းပညာ အထောက်အကူပြုရုံး ဝန်ထမ်းများ ပါဝင်တက် ရောက်ခဲ့သည်။(JMC)

- ဩဂုတ်လ ၂၉ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-မွန်) ၏ (၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ရပ်ကွက်/ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နစ်ဖက်လက်ခံသည့် ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များ စတင် ဖွဲ့စည်းနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် LCM များ စတင်ရွေးချယ်နိုင်ရေးအတွက် LCM လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းသည့် တွေ့ဆုံပွဲများကို လျာထားပြီးဖြစ်သော ကျေးရွာအုပ်စုများသို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း ကွင်းဆင်း ပြုလုပ်သွားရန်နှင့် LCM ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဖွဲ့ဝင်များ၊ နည်းပညာအထောက်အကူပြုရုံး ဝန်ထမ်းများ စုစုပေါင်း (၁၀) ဦး ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

- စက်တင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တည်ရှိသည့် နယ်မြေများတွင် နစ်ဖက်လက်ခံသည့် ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေး နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမျိုးသန့်၊ အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါး၊ အတွင်းရေးမှူး (၂)

ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် နည်းပညာ အထောက်အကူပြု ရုံးအဖွဲ့ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးတို့ကမှ LCM ဖွဲ့စည်းရေး ဆောင်ရွက်ထားမှု အခြေအနေများ၊ ယခုအစည်းအဝေးတွင် ဆွေးနွေးသွားကြမည့် အကြောင်းအရာများနှင့် LCM ၏ အရေးပါပုံတို့ကို ရှင်းလင်း ပြောခဲ့သည်။ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဝင်များ၊ နည်းပညာ အထောက်အကူပြု ရုံးဝန်ထမ်းများ တက်ရောက်ခဲ့သည်။ (JMC)

## JMC-U

- စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနတွင်ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးအား ၃ ရက်ကြာ ပြုလုပ်မည် ဖြစ်ပြီး အစည်းအဝေး ပထမနေ့ နံနက်ပိုင်းတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်စောအိုင်းဇက်ဖိုး (KNU) နှင့် ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမျိုးသန့်တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားခဲ့သည်။ အစည်းအဝေးတွင် (၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေများအား တင်ပြခြင်း၊ နော်ဝေနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုဆိုင်ရာ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ တင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေရရှိရေး ဆောင်ရွက်မှု အခြေအနေများအား တင်ပြခြင်း၊ JMC-U ၏ (၁၇) ကြိမ်မြောက်နှင့် (၁၈) ကြိမ်မြောက် အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား ဆွေးနွေးခြင်း၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များနှင့် ပတ်သက်သည့် လုပ်ငန်းအကောင်အထည်ဖော်မှုများအား တင်ပြခြင်း အစီအစဉ်များ အပါအဝင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသွားကြမည် ဖြစ်သည်။အစည်းအဝေးသို့ JMC-U အဖွဲ့ဝင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်သား ကိုယ်စားလှယ်များ ပါဝင်တက်ရောက်လျက် ရှိပါသည်။ JMC-U တွင် အစိုးရကိုယ်စားလှယ် (၁၀) ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁၁) ဦး၊ နစ်ဖက်လက်ခံသည့် အများယုံကြည် လေးစားသော အရပ်သားကိုယ်စားလှယ် (၆) ဦး စုစုပေါင်း အဖွဲ့ဝင် (၂၇) ဦး ပါဝင်ခဲ့သည်။ (JMC) (JMC) (Popular) (MOI) (KIC) (Mizzima) (JMC)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

## PPST

- အစိုးရနှင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ လက်ရှိ နိုင်ငံရေးအခင်းအကျင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အစည်းအဝေးတရပ်ပြုလုပ်၍ စက်တင်ဘာလဆန်းပိုင်းတွင် ဆွေးနွေး သုံးသပ်မှု ပြုလုပ်သွားကြမည်ဖြစ်ကြောင်း PPST အဖွဲ့ဝင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုဥက္ကဋ္ဌ ခွန်မြင့်ထွန်း မှပြောခဲ့ သည်။ **"အဓိကကျ နော်တို့ တတိယပင်လုံ ညီလာခံအပြီးမှာ ပြန်လည် သုံးသပ်စရာတွေ သုံးသပ်ဖို့ ရှိမယ်၊ ပြီးရင် လက်ရှိ နိုင်ငံရေး အခြေအနေတွေနဲ့ ပတ်သက်ပြီး ဆက်လက် ဆောင်ရွက်သင့်တဲ့ ဟာတွေ ကိုဆွေးနွေးကြဖို့ရှိမယ်"** ဟု ခွန်မြင့်ထွန်းမှ ပြောခဲ့သည်။ (Irrawaddy)

- စက်တင်ဘာလ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) လက်မှတ်ရေး ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စည်းများ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ၂၄ ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးမှ NCA လက်မှတ်ရေးထိုး ထားကြသည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအနေဖြင့် ကွာဟမှုများကို စေ့စပ်ညှိနှိုင်းပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် ဘုံရပ်တည်ချက် ချမှတ်သွား မည်ဟု ပြောခဲ့သည်။ အစည်းအဝေးကို KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS/SSA) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ်၊

ချင်းအမျိုးသား တပ်ဦး (CNF) ဥက္ကဌ ပူးဇင်ကျုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဌ ရဲဘော် သံခဲ၊ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဒုဥက္ကဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်လွတ် မြောက်ရေးပါတီ (ALP) ဒုဥက္ကဌ ၁ ဦးခိုင်စိုးနိုင်အောင်၊ ဒီမိုကရေစီ အကျိုးပြု တပ်မတော် (DKBA) စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမူရှေး၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNLA/PC) အထွေထွေ အတွင်းရေးမှူး ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမို ကရက်တစ်အစည်းအရုံး (LDU) ဒုဥက္ကဌ ကြာဟား တို့ အပါအဝင် ခေါင်းဆောင် ကိုယ်စားလှယ် ၃၀တက်ရောက်ခဲ့သည်။ (NMG) (StTime)

## JMC

- စက်တင်ဘာလ ၁ ရက်နေ့တွင် တနင်္သာရီတိုင်း ပုလောမြို့နယ်တွင် တနင်္သာရီတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ ဥက္ကဌနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (တနင်္သာရီ) ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် ဒုတိယ ဥက္ကဋ္ဌ (၁) ပဒိုစောဘီးလယ်တို့မှ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး၊ JMC-S (တနင်္သာရီ) အဖွဲ့ဝင်များဖြစ်ကြသည့် ဖာသာသိန်းခင်နှင့် အတွင်းရေး မှူး(၂) ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးခိုင်တို့မှ JMC ဆိုင်ရာ အကြောင်းအရာများ ရှင်းလင်းပြောခဲ့သည်။ ပုလောမြို့နယ်၊ ပုလောဖျား ကျေးရွာအုပ်စု၊ ဇာဒီဝင်းကျေးရွာတွင် ပြုလုပ်သည့် လူထုတွေ့ဆုံပွဲသို့ ပုလောဖျားကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူလူထု စုစုပေါင်း (၄၀၀) ကျော်ခန့် တက်ရောက်ခဲ့သည်။ (JMC)

- စက်တင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ပြည်ထောင်စုအဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) သို့ ရောက်ရှိလာသော အငြင်းပွားမှုနှင့် တိုင်ကြားစာများအပေါ် သုံးသပ်ညှိနှိုင်းသည့် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-U မှ လက်ခံရရှိသည့် အငြင်းပွားမှုနှင့် တိုင်ကြားစာများအား စိစစ်ပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေး ညှိနှိုင်းခဲ့သည်။ အစည်းအဝေးသို့ JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါး၏၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်နှင့် နည်းပညာ အထောက်အကူပြု ရုံးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (JMC)

- စက်တင်ဘာ ၈ ရက်တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နောင်တပွဲကျေးရွာအုပ်စု၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် ဒေသခံအရပ်သား စောင့်ကြည့်သူ (LCM) များ စတင်ဖွဲ့စည်းနိုင်ရေးအတွက် LCM လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ရှင်းလင်းပွဲတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ရပ်ကွက်/ ကျေးရွာအဆင့်တွင် နှစ်ဘက်လက်ခံသည့် ဒေသခံ အရပ်သား စောင့်ကြည့်သူများ ဖွဲ့စည်း ဆောင်ရွက် သွားမည့် အခြေအနေများနှင့် အောက်ခြေတွင် ဖြစ်ပွားသည့် ပြဿနာများကို LCM များမှတစ်ဆင့် တိုင်ကြားနိုင်မည့် အစီအစဉ်များအကြောင်း၊ LCM များမှ NCA အပေါ် လက်နက်ကိုင်အဖွဲ့များမှ လိုက်နာခြင်း ရှိ မရှိ လေ့လာစောင့်ကြည့်မည့် အကြောင်းများ ရှင်းလင်း ပြောဆိုခဲ့သည်။ ဒေသခံ အရပ်သား စောင့်ကြည့်သူ (LCM) များကို နောင်တပွဲကျေးရွာအုပ်စုရှိ ထီးဝါးဆူးခီးရပ်ကျေးရွာ၊ ရွာသစ်ကုန်း ကျေးရွာ၊ ကော့မုန်ရပ်ကျေးရွာ၊ ကော့ကလောင် ကျေးရွာ၊ ကော့ဆန်ဖွန်းရပ်ကျေးရွာနှင့် လှိုင်ကွယ်နိုင်ကျေးရွာ စုစုပေါင်း ကျေးရွာ (၆) ရွာမှ LCM (၅) ဦးအား စက်တင်ဘာလ တတိယပတ်အတွင်း ရွေးချယ် သွားမည် ဖြစ်ပါသည်။ ရှင်းလင်းခြင်း သို့ JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၁) နှင့် ကော်မတီဝင်များ၊ JMC-S (ကရင်) ရုံးအဖွဲ့ ဝန်ထမ်းများ၊ နှစ်ဘက်လက်နက်ကိုင် တပ်ဖွဲ့များမှ နယ်မြေခံ တပ်ဖွဲ့ဝင်များ အပါအဝင် နောင်တပွဲကျေးရွာအုပ်စုမှ ပြည်သူလူထု စုစုပေါင်း (၈၀) ကျော် ပါဝင် တက်ရောက် ခဲ့သည်။ (JMC)

- စက်တင်ဘာလ ၁၀ ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လမုခိုကျေးရွာအုပ်စု၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် ဒေသခံအရပ်သား စောင့်ကြည့်သည့် (LCM) များစတင်ဖွဲ့စည်းနိုင်ရေး အတွက် LCM လုပ်ငန်းစဉ် အကြောင်းရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းများတွင် ရပ်ကွက်/ကျေးရွာအဆင့်၌ နှစ်ဖက်လက်ခံသည့်ဒေသခံအရပ်သား စောင့်ကြည့်သူများအား ရွေးချယ်ခန့်သွားရန်၊ JMC (မွန်) အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူတွဲစောင့်ကြည့်ရေးလုပ်ငန်းများကို ဘက်မလိုက်ဘဲ စောင့်ကြည့်မည့် ပြည်သူများအား LCM အဖြစ် ရွေးချယ်ပေးရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖေါ်သည့်ကာလတွင် ပြည်သူများမှ

ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်နှင့် LCM ရွေးချယ်ရေးအစီအစဉ်များကို ပြောခဲ့သည်။ အစည်းအဝေးပွဲသို့ JMC-S (မွန်) ကော်မတီဝင်များ၊ ကျိုက်မရောမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လမုခိုကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ စုစုပေါင်း (၈၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အကြောင်းအရာများကို ကောင်းစွာသိရှိနားလည်စေရန် ရည်ရွယ်၍ JMC ဆိုင်ရာ သင်တန်းကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ သင်တန်းပထမနေ့တွင် JMC-S (မွန်) ဥက္ကဋ္ဌ အရှေ့တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးတို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး JMC ဆိုင်ရာ သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားခဲ့သည်။ နှစ်ရက်ကြာကျင်းပသည့် သင်တန်းတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ (JMC) အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းလမ်းညွှန်များ၊ နစ်ဘက်တပ်များ လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အကြောင်းအရာများကို ပို့ချခဲ့သည်။ JMC ဆိုင်ရာ အကြောင်းအရာများကို JMC-S (မွန်) ဒုတိယဥက္ကဋ္ဌ (၂) စောဟိုရှေးနှင့် ကော်မတီဝင်များက ဦးဆောင်ရှင်းလင်း ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် JMC-S (မွန်) ရုံးဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

## KNU

- စက်တင်ဘာလ ၃ ရက်မှ ၅ ရက်နေ့အထိ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၊ လေးဝါးနေရာ၌ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မြန်မာအစိုးရ တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ကရင်အရပ် ဖက်အဖွဲ့အစည်း များထံမှ သဘောထားရယူသည့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် အပစ်ခတ်ရပ်စဲရေးကာလ စောင့်ကြည့်ရေးလုပ်ငန်းများအပေါ် စိုးရိမ်ကြောင်း တက်ရောက်လာကြသူများ ဆွေးနွေးခဲ့သည်။ **"ဒီငြိမ်းချမ်းရေး ဖြစ်စဉ်မှာ ကျနော်တို့ CBO/CSOတွေ အလုပ်လုပ်ရတာ အခက်အခဲတွေ အများကြီးပါပဲ။ ပထမအခက်အခဲက ဘာလဲဆိုတော့ တစ်ဖက်နဲ့တစ်ဖက်က အယုံအကြည်မရှိကြဘူး။ ဒုတိယအချက်ကတော့ အစိုးရစစ်တပ်ဘက်က ဒီ CBO/ CSOတွေ ဒီအပစ်ရပ်စောင့် ကြည့်ရေး လုပ်တဲ့ အပိုင်းမှာ ချုပ်ကိုင်ထားတာရှိပါတယ်။ ကျနော်တို့ သွားချင်သလို၊ လုပ်ချင်သလို လုပ်လို့မရဘူး။ NCA စာချုပ်ထဲမှာ ပါတဲ့ အချက်တွေကို ပြည်သူတွေကို ချပြဖို့ အခက်အခဲတွေအများကြီး ရှိတယ်။ သူတို့ လုပ် ထားတဲ့ သင်ရိုးမာတိကာအတိုင်းပဲ လုပ်ရမယ်။ မလုပ်ရင် ကျနော်တို့ အခက်တွေ့နိုင်တယ်"**ဟု ကရင်ပြည်နယ်၊ ကော့ကရိတ် မြို့နယ်အခြေစိုက် ( Thwee Community Development Network) ဒါရိုက်တာ မန်းသိဏ်းဇော် မှ ပြောခဲ့သည်။ (KIC)

## ထုတ်ပြန်ချက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖေ့ဘုတ်စ်ပေ့ခ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဖေ့ဘုတ်စ်ပေ့ခ်၊ မြဝတီ သတင်းပေ့ခ်အပါအဝင် အခြား ပေ့ခ်နှင့် အကောင့်များအား Facebook မှ ဖြုတ်ချဖျက်သိမ်း လိုက်ခြင်းအတွက် အစိုးရအနေဖြင့် တပ်မတော်ဘက်မှ မားမားမတ်မတ်ရပ်တည်ရန် ပြည်ခိုင်ဖြိုးပါတီမှ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (Mizzima)

ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျရောက်သော "(၄၆) နှစ်မြောက် တအန်းစာပေနေ့" သို့ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဂုဏ်ပြု သဝဏ်လွှာတစောင်ပေးပို့ခဲ့သည်။ (TNLA)

ကချင်ရွှေ့ပြောင်းဒုက္ခသည်များအား နိုင်ငံတကာနှင့် ပြည်တွင်းမှ အဖွဲ့အစည်းများမှ အကူအညီများ မပေးနိုင်ရန် မြန်မာအစိုးရမှ ၂၀၁၁ ခုနှစ်ကနေ  ယခုအချိန်အထိ ကန့်သတ်မှုတွေလုပ်နေတယ်ဆိုပြီး Fortity Rights အဖွဲ့မှ ဩဂုတ်လ ၃၀ ရက်နေ့တွင် အစီရင်ခံစာ တစောင်ထုတ်ပြန်ခဲ့သည်။ စစ်ဘေးရှောင်ဒုက္ခသည်များ လိုအပ်နေသည့် အထောက်အပံ့ခံစားခွင့်ကို ပိတ်ပင်တားဆီးတာသည် ရာဇဝတ်မှုဖြစ်ပြီး နိုင်ငံတကာ ရာဇဝတ်ခုံရုံး ICC မှ အရေးယူရန်အထိ ဦးတည်နေသည့်အကြောင်း အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ David Baulk ၏ ပြောဆိုမှုကို အစီရင်ခံစာတွင် ရေသားခဲ့သည်။ (VOA)(RFA)

ဩဂုတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတွင်း လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုနှင့် မြန်မာတိုင်းရင်သားလူမျိုးတို့အပေါ် ကျူးလွန်သော စစ်ရာဇဝတ်မှုများအတွက် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (International Criminal Court) ကို တင်ရန် UN ၏အဆိုပြုချက်ကို ထောက်ခံကြိုဆိုကြောင်း ကမ္ဘာလုံးဆိုင်ရာကရင်အဖွဲ့(Karen Community Worldwide)မှ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ KCW ၏ ကြေညာချက်တွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ပြစ်မှုတိုက်ရိုက် ကျူးလွန်သူများအပေါ် ထိရောက်စွာ ထိန်းချုပ်ထားသူအဖြစ် ရှေ့ဆုံးနှင့် အဓိကနာမည်တပ်ထားသည်ကို တွေ့ရသည့်အတွက် အားရမိသည်ဟု ဖေါ်ပြထားပြီး နိုင်ငံတကာ အစိုးရတွေမှ အမှုတွေကို ညွှန်ကြားသည့် တာဝန်ရှိသူအဖြစ် နာမည်မတပ်ဘဲ လက်အောက်မှ အရာရှိများကိုသာ ပစ်မှတ်ထားပြီး ပိတ်ဆို့မှုများ ပြုလုပ်နေခြင်းသာ များသည်ဟု ကြေညာချက်တွင် ဖော်ပြခဲ့သည်။ (KIC) (KIC)

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဖမ်းဆီးထားသည့် အမျိုးသမီးတစ်ဦး ပြန်လွှတ်ပေးရေးကိစ္စအား ကူညီဆောင်ရွက်ပေးပါရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီမှ ဩဂုတ် ၂၇ ရက် နေ့စွဲဖြင့် စာရေးသားပေးပို့ထားသည်ဟု ဩဂုတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ (Eleven) (Irrawaddy)

တစ်ရက်လျှင် လူ ၃၀၀ ဦးခန့် ပြည်ပနိုင်ငံများသို့ နေ့စဉ် ထွက်ခွာလျက်ရှိသည်ဟု ၂၀၁၄ သန်းခေါင်စာရင်းမှ ထုတ်ပြန်ထားသည့် ရခိုင်ပြည်နယ်မှ လူငယ်များ လွတ်လပ်စွာ သွားလာခွင့်အတွက် နိုင်ငံသားအခွင့်အရေးကို တန်းတူ ရရှိလိုသည်ဟု ပြောခဲ့သည်။ အလုပ်အကိုင်ရှားပါးမှု ပြဿနာကြောင့် မြန်မာနိုင်ငံအတွင်းမှ အခွင့်အလမ်းပေါ်များသည့် ရန်ကုန်သို့လည်းကောင်း ကျောက်တူးဖော် လုပ်ကိုင်ကြသည့် ကချင်စသည့် ဒေသများသို့ လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း ရခိုင်ပြည်နယ်အတွင်းမှ လူ ၃၀၀ ခန့်မှာ နေ့စဉ် ထွက်ခွာမှု ရှိနေသည်ဟု ၂၀၁၄ သန်းခေါင်စာရင်းတွင် ထုတ်ပြန်ခဲ့သည်။ (Mizzima) (mmtime)

အရွယ်မရောက်သေးသည့် ကလေးစစ်သား ၇၅ ဦးကို မြန်မာတပ်မတော်မှ ၂၀၁၈ခုနှစ်တွင် နုတ်ထွက်ခွင့်ပြုခဲ့ကြောင်း ကုလသမဂ္ဂ အေဂျင်စီမှပြောခဲ့သည်။ ကုလသမဂ္ဂနှင့် စတင် ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၂ ခုနှစ်ကနေ စတင်ပြီး ကလေးသူငယ်နှင့် အသက်မပြည့်သေးသူ ၉၂၄ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့သည်ဟု ကုလသမဂ္ဂ ကလေးများ ရံပုံငွေအဖွဲ့မှ ဩဂုတ် ၃၁ ရက်နေ့တွင် ထုတ်ပြန်ချက်တစောင်ထုတ်ပြန်ခဲ့သည်။ (Frontier)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်တစောင်ကို စက်တင်ဘာလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (MOI)

စက်တင်ဘာလ ၃ ရက်နေ့တွင် ဒေါ်နန်းမိုဟွမ် နှင့် စပ်လျဉ်း၍ တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) မှ ထုတ်ပြန်ချက်တစောင် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် TNLA အဖွဲ့ အကောက်ခွန်ဦးစီးဌာနမှ အခွန်ကောက်နေသည့် တပ်ဖွဲ့ဝင်ဝန်ထမ်းများအား အပြင်းထန် ထိခိုက်သေဆုံးသည်အထိ နှောင့်ယှက်ခဲ့သောကြောင့် နန်းမိုဟွမ်ကို ၎င်းအဖွဲ့ ဗဟိုတရားရုံးမှ အမှုဖွင့် အရေးယူထားကြောင်း ဖော်ပြခဲ့သည်။ (TNLA) (DVB) (Irrawaddy)  (7Day) (RFA)

မြန်မာ့တပ်မတော်မှ ထုတ်ပြန်သည့် မြန်မာ့နိုင်ငံရေးနှင့်တပ်မတော် (အပိုင်း ၁) စာအုပ်၌ ဘင်္ဂါလီ ဓာတ်ပုံ ၂ ပုံကို မှားယွင်း ဖော်ပြမိသည့်အတွက် တောင်းပန်ကြောင်း မြဝတီစာပေတိုက်မှ စက်တင်ဘာလ ၃ ရက်နေ့တွင် ကြေညာချက် တစောင်ထုတ်ပြန်ခဲ့သည်။ (DVB)

ရိုက်တာသတင်းထောက်နှစ်ဦးဖြစ်သည့် ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့ကို အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် သတင်းထောက်များ ၎င်းတို့အလုပ် ၎င်းတို့ လုပ်နေကြသည်ကို တရားစွဲဆိုခြင်းအား ရပ်တန့်ရန် မြန်မာအစိုးရကို တိုက်တွန်းကြောင်း အမေရိကန်သံရုံးမှ စက်တင်ဘာလ ၃ ရက်တွင် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂမUK သံအမတ်ကြီး Dan Chugg မှလည်း "**သတင်းသမားနှစ်ဦးတို့အပေါ် တရားစီရင်မှုနှင့် ပြစ်ဒဏ်ချမှတ်မှု တို့နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အနေဖြင့် အလွန်အမင်း စိတ်ပျက်မိကြောင်း ဗြိတိသျှအစိုးရနှင့် ဥရောပသမဂ္ဂဝင်အဖွဲ့ဝင်များကိုယ်စား ပြောကြား လိုက်ပါသည် ။ ဤအမှုသည် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခြင်းနှင့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးတို့တွင် အရိပ်မည်းသဖွယ် ကျရောက်ခဲ့ပါသည် ။ မည်သည့်ဒီမိုကရေစီစနစ်တွင် မဆို သတင်းသမားများသည် မိမိတို့၏ တာဝန်ကို စိုးရိမ်ကြောင့်ကြစရာမလိုအပ်ဘဲ တာဝန်ထမ်းဆောင်နိုင်ကြရမည် ဖြစ်ပါသည်။ ယခု ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံတွင်း သတင်းလွတ်လပ်ခွင့်ကို မေးမှိန်အားလျော့စေခဲ့ပါသည် ။ တရားဥပဒေ စိုးမိုးရေးကိုလည်း ပြင်းထန်စွာ ယိုယွင်းစေခဲ့ပါသည် ။ ကျွန်ုပ်တို့အနေဖြင့် တရားခွင်တိုင်းကို တောက်လျှောက် တက်ရောက်ခဲ့ပြီး တရားသူကြီးအနေဖြင့် တင်ပြသည့် သက်သေခံအထောက်အထားများကို လျစ်လျူရှုခဲ့ပြီး မြန်မာနိုင်ငံ၏ တရားဥပဒေများနှင့် ဆန့်ကျင်စွာ ဆောင်ရွက်ခဲ့သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ယနေ့သည် မြန်မာနိုင်ငံအတွက် ဝမ်းနည်းဖွယ်ရာနေ့တစ်နေ့ဖြစ်ပြီး ကျွန်ုပ်အနေဖြင့် သတင်းထောက်များကို ချက်ချင်းလွှတ်ငြိမ်းခွင့်ပေးရန် တောင်းဆိုအပ်ပါသည်**" ဟု ပြောသည်။ ထို့ပြင် **ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာရုံး** ၊ **ဩစတေးလျသံရုံး** ၊ PEN Myanmar **အဖွဲ့** တို့မှလည်း ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ (MMtime) (MyanmarNow) (USEmbassy) (EU) (PEN-Myanmar)

စက်တင်ဘာလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံထဲမှ ရိုဟင်ဂျာမူဆလင်များ နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲရောက်သွားအောင် နှင်ထုတ်ခဲ့သည်ဟု စွပ်စွဲချက်များကို ICC နိုင်ငံတကာပြစ်မှု ခုံရုံးမှ တရားဝင် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် အမှုမစစ်မီ ကြိုတင်ကြားနာသည့် ICC တရားသူကြီးအဖွဲ့၏ အဖွဲ့ဝင်အများစုမှ ဆုံးဖြတ်လိုက်ကြောင်း ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (VOA) (MyanmarNow) (7Day)

ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှင်ထုတ်နေသည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတကာရာဇဝတ်မှု တရားရုံး(အိုင်စီစီ)အနေဖြင့် စုံစမ်းစစ်ဆေး တရား စီရင်ပိုင်ခွင့် ရှိသည်ဆိုသော ဆုံးဖြတ်ချက်သည် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ လုပ်နည်းစနစ်မှုမမှန်ခြင်းများနှင့် မကောင်းသော ယုံကြည်ထားမှုများ၏ ရလဒ်ဖြစ် ကြောင်း နိုင်ငံတော်သမ္မတရုံး စက်တင်ဘာလ ၇ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (7day) (VOA)

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဖမ်းဆီးထားသည့် နန်းမိုဟွမ်ကို အမြန်ဆုံးပြန်လွှတ်ပေးရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) က စက်တင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်တောင်းဆိုခဲ့သည်။ (DVB) (MOI) (7Day) (TaiFreedom) (MOI) (MyanmarNow) (BBC) (MMTime) (MMtime)

ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့သူ နန်းမိုဟွမ်အား ၁၇-၈-၂၀၁၈ ရက်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) မှ အဓမ္မ ဖမ်းဆီးခေါ်ဆောင်ထိန်းသိမ်းထားသည့် ကိစ္စရပ်အား ပြင်းထန်စွာ ရှုတ်ချကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) မှ သတင်းထုတ်ပြန်ကြေညာခဲ့သည်။ (Taifreedom)

မြန်မာနိုင်ငံတွင် သတင်းထောက်များနှင့် မီဒီယာများအား ဥပဒေမျိုးစုံသုံးပြီး ဖိနှိပ်နေခြင်းသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အခက်အခဲဖြစ်စေနိုင်ကြောင်း အစီရင်ခံစာသစ်တစောင်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် OHCHR က စက်တင်ဘာလ ၁၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့သည်။ (RFA) (OHCHR)

## သဘောထားမှတ်ချက်

ဩဂုတ်လ (၂၉) ရက်နေ့တွင် ကျရောက်သော(၄၇) နှစ်မြောက် မွန်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (Mon National Liberation Army – MNLA) နေ့ အခမ်းအနားသို့ မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌနှင့် ဗဟိုစစ် ကော်မတီဥက္ကဋ္ဌ နိုင်ထေမွန်က မွန်ဘာသာဖြင့် သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။ သဝဏ်လွှာတွင် မြန်မာ့နိုင်ငံရေးစင်မြင့်ပေါ်တွင် မြန်မာ့တပ်မတော်က အဓိကနေရာ၌ ဆက်လက်တည်ရှိနေခြင်း၊

စစ်တပ် အလိုကျရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မပြင်ဆင်နိုင်သေးခြင်း၊ တပ်မတော်အလိုကို အစိုးရသစ်မှ လိုက်လျောနေရခြင်း၊ မြောက်ပိုင်းဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်း ပါဝင်ခဲ့သည်။ (MonNew)

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်အပ်နှင်းထားသည့် နိုဘယ်လ် ငြိမ်းချမ်းရေးဆုကို ပြန်လည်ရုပ်သိမ်းရန် အကြောင်း တစ်စုံတရာမရှိဟု နိုဘယ်လ်ဆုကော်မတီအတွင်းရေးမှူး Olav Njoelstad မှ သြဂုတ်လ ၂၉ရက်နေ့တွင် ပြောခဲ့သည်။ (RFA)(Mizzima) (Frontier) (Eleven)

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ရခိုင်ပဋိပက္ခဆိုင်ရာ လွတ်လပ်သည့် အချက်အလက်ရှာဖွေရေးအဖွဲ့မှ သြဂုတ်လ (၂၇) မှာ ထုတ်ပြန်သည့် အစီရင်ခံစာသည် ခိုင်မာသည့်အချက်အလက်တွေပေါ် အခြေခံထားတာ ရှိ မရှိ ပြန်လည်စိစစ်ဖို့လိုကြောင်း NLD ပါတီ၏ ပြောခွင့် ရပုဂ္ဂိုလ် ဒေါက်တာမျိုးညွန့်မှ ပြောခဲ့သည်။ **"ကျနော်တို့ UN ကနေပြီးတော့ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကနေပြီးတော့ သူတို့တင်ပြတဲ့အထောက်အထား သူတို့ယူလိုက်တဲ့ မေးမြန်းတဲ့ သက်သေတွေရဲ့ ယုံကြည်နိုင်စွမ်းပေါ့ ဒါတွေကျနော်တို့အကုန်လုံးကြည့်ရပါဦးမယ်။ ကျနော်တို့ နဂိုကတည်းက ပြောထားပါတယ် ကျနော်တို့ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အပြင်းအထန်လူ့အခွင့်အရေးချိုးဖောက်မှုတွေမရှိခဲ့ပါဘူး။ ရှိတယ်ဆိုရင် ကျနော်တို့ကိုအထောက်အထားပြပါ ကျနော်တို့ အရေးယူပေးပါ့မယ် လို့ပြောပါတယ်။ အထောက်အထားကတော့ ခိုင်လုံဖို့လိုပါတယ်။ မှန်းဆချက်သပ်သပ်နဲ့ မဖြစ်ပါဘူး။"** ဟု ပြောခဲ့သည်။ (VOA)

မြန်မာ့တပ်မတော်ခေါင်းဆောင်များအား ICC နိုင်ငံတကာ ရာဇဝတ်ခုံရုံးတင်ရန် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး အဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်တွေကို ကန့်ကွက်ခဲ့သည့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် တရုတ်နှင့် ရုရှား၏လုပ်ရပ်သည် ပိုပြီး အပြစ်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသ မဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Yanghee Lee မှ စီအန်န်အန်န်သတင်းဌာနနှင့် မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ **"တရုတ်နဲ့ ရုရှားက အမြဲပဲ ဒီလို တုန့်ပြန်မယ်ဆိုတာ ကျမတို့ မျှော်လင့်ထားပြီးသာပါ။ အရင်ကလည်း မြန်မာ့အရေးကိစ္စတက်လာတိုင်း သူတို့ ဒီလိုပဲ တုန့်ပြန်တာပါ။ ဒါပေမယ့် တကယ့်စိတ်ပျက်ဖို့ကောင်းတာက လုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင် အင်အားကြီးငါးနိုင်ငံပဲ ရှိတဲ့အထဲမှာ တရုတ်နဲ့ ရုရှားက ပါဝင်နေတာဖြစ်ပါတယ်။ ကျမထင်တာက သူတို့အနေနဲ့ ပိုပြီး ရှက်သင့်တယ်လို့ ထင်ပါတယ်။ သူတို့ကတော့ မရှက်ပါဘူး။ ဒီအတွက်လည်း ကျမ အလွန်ပဲ နာကျည်းမိပါတယ်။ လူတွေ စတင်ထုတ်ဖော်ပြောဆိုလာတဲ့ အချိန် ရောက်လာဖို့လိုပါတယ်။ အမြဲတမ်းအဖွဲ့ဝင် အဓိက ငါးနိုင်ငံကို လူတွေပြောဖို့လိုတာက သူတို့အနေနဲ့ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းတွေကို ထိန်းသိမ်းကာကွယ်လိုစိတ် မရှိဘူးဆိုရင် အခုလိုအရေးကြီးတဲ့ လုံခြုံရေးကောင်စီမှာ ပါဝင်ဖို့ မသင့်ဘူး ဆိုတာပါ။"**ဟု Yanghee Lee မှ ပြောခဲ့သည်။ (VOA)

ဘင်္ဂလားဒေ့ရှ်၌ ခိုလှုံနေကြသည့် ရိုဟင်ဂျာဒုက္ခသည်များနှင့် တွေ့ဆုံမေးမြန်းပြီး ထုတ်ပြန်လိုက်သည့် ကုလအစီရင်ခံစာက မပြည့်စုံဟု အမေရိကန်အခြေစိုက် Stimson Center ၏ အရှေ့အာရှရေးရာ အစီအစဉ် တွဲဖက်ညွှန်ကြားရေးမှူး၊ တရုတ်ဆိုင်ရာ အစီအစဉ် ညွှန်ကြားရေးမှူး Yun Sun မှ ပြောခဲ့သည်။ **"အမှန်တရားဆိုတာက နှစ်ဘက်ရဲ့ ကြားမှာဘဲ အမြဲတမ်း ရှိတယ်လို့ ပြောချင်ပါတယ်။ အချက်အလက်ရှာ အဖွဲ့ အနေနဲ့ ရခိုင်ပြည်နယ်ထဲကို ဝင်ရောက်ခွင့် မရခဲ့ပေမယ့် ဘင်္ဂလားဒေ့ရှ်မှာ လက်ရှိ နေထိုင်နေကြတဲ့ ဒုက္ခသည် ၇ သိန်းနဲ့တော့ တွေ့ဆုံခွင့် ရခဲ့ပါတယ်။ ရခိုင်ပြည်နယ်ထဲကို ဝင်ရောက်ခွင့် မရခဲ့တော့ သူတို့ ဘာမှ မသိဘူး ဒါကြောင့် ဒါက မျှတတဲ့ အကဲဖြတ်ချက် မဟုတ်ဘူးလို့ ပြောစရာပါ။ အမှန်တရားက နှစ်ဘက်စလုံးရဲ့ ကြားမှာ ရှိပါတယ်။ ဒါပေမယ့်လည်း ရှုပ်ထွေးတဲ့ ပြည်တွင်း နိုင်ငံရေး အကြောင်းတွေရှိနေပြီး ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ ဒီကိစ္စ အပေါ် သူမရဲ့ ရှုမြင်ချက်ကို ပြောဖို့ တွန့်ဆုတ်နေဟန် ရှိပါတယ်။ မြန်မာ လူထုက ဒီလူတွေကို ဘင်္ဂါလီလို့ဘဲ ခေါ်ကြတာကြောင့် သူမ အနေနဲ့ ရိုဟင်ဂျာလို့ သုံးနှုန်း ပြောဆိုဖို့တောင် ဂန့်လေးနေတာပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စစ်တပ်နဲ့ အရပ်သား အစိုးရကြားမှာ ပြဿနာ ရှိနေပါတယ်။ အမြင် မတူတာတွေ ရှိနေပါတယ်။"** ဟုပြောခဲ့သည်။ (VOA)

ဘင်္ဂလားဒေ့ရှ်အစိုးရမှ ရိုဟင်ဂျာများကို အကူအညီထောက်ပံ့ပေးနေခြင်းသည် သဘောတူညီချက်ကို ချိုးဖောက်ရာ ရောက်ပါသလား ဟု RFA သတင်းဌာနမှ ဆက်သွယ်မေးမြန်းရာ UEHRD ဒုဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ် မျဉ်းမှာ နေထိုင်နေသည့်ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်အစိုးရမှ အကူအညီများ ထောက်ပံ့ပေးခဲ့ခြင်းသည် နှစ်နိုင်ငံသဘော တူညီချက်ကို ချိုးဖောက်ရာမရောက်ကြောင်း၊ **"မဟုတ်ဘူး။ မဟုတ်ဘူး။ သဘောတူညီချက်က အခုမှ။ အရင်တုန်းက ဘင်္ဂလားဒေ့ရှ်ဘက်က ပေးနေတာ မှန်တယ်။ အခုဟာက သဘောတူညီချက်က လုပ်ထားပြီးပြီ။ အကောင်ထည်ဖော်မယ့်ဟာပဲ။ အကောင် အထည်ဖော်နေပြီလားတော့မသိဘူး။ အဲဒါကတော့ ဒီဘက်ကပေးဖို့ လုပ်ထားပြီးပြီဗျ။ အခုအခြေ အနေပါ။ နှစ်နိုင်ငံဝန်ကြီးအဆင့်တွေ တွေ့ပြီးမှ ဖြစ်တာပါ။"** ဟု ပြောခဲ့သည်။ (RFA)

လူနည်းစုများနှင့် ရိုဟင်ဂျာများကို အကြမ်းဖက်လုပ်ရပ်ကျူးလွန်သူများအား နိုင်ငံတကာဥပဒေနှင့်အညီ မြန်မာအစိုးရအား အရေးယူရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီး Datuk Saifuddin Abdullah မှ ပြောခဲ့သည်။ ကုလသမဂ္ဂ နိုင်ငံတကာသီးခြားလွတ်လပ်သည့် အချက်အလက်ရှာဖွေရေးအဖွဲ့မှ ဩဂုတ်လ ၂၄ ရက်နေ့မှာ ထုတ်ပြန်သည့် အစီရင်ခံစာသည် ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ မှစပြီး ရိုဟင်ဂျာများကို ပြုမူခြင်းသည် ယခင်က ကျူးလွန်သည့် လူမျိုးတုံးလုပ်ရပ်များနှင့် အသွင်တူသည် ဟု Datuk Saifuddin Abdullah မှ ပြောခဲ့သည်။ (RFA)

ရှမ်းပြည်နယ်တောင်ပိုင်းမှ တအာင်းလူမျိုးတွေကို လူသားစားမျိုးနွယ်တွေလို့ ဖေ့စ်ဘွတ်ခ်မှာ ပြောဆိုခဲ့သူကို အရေးယူရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို စာနှင့် ပေးပို့ထားသည်ဟုသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဆန်းဝင်းမှ ပြောခဲ့သည်။ **"မန်တုံ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တင်ပြလာလို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနဲ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနကို လိုအပ်သလို အရေးယူပေးဖို့ စာနဲ့ ပို့ထားပါတယ်။ ဩဂုတ် ၃၀ ရက်နေ့က ပို့တာပါ"** ဟု DVB သတင်းဌာနသို့ ပြောခဲ့သည်။ (DVB)

လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် သွားနေသည်ကို တွေ့ရှိသဖြင့် ဖက်ဒရယ်ဒီမိုကရေစီသို့ ဦးတည်နေသည့်အနေအထား မတွေ့ရှိရဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် KPSN မှ စောလေးကပေါ်မှ ပြောခဲ့သည်။ **"ဖက်ဒရယ် ဒီမိုကရေစီဆီကို ဦးတည်နေတာမတွေ့ရဘူးလို့ ကျနော်တို့သုံးသပ်ထားတယ်၊ ဘာဖြစ်လဲဆိုတော့ ဆွေးနွေးမှုတိုင်းမှာ တဖက်သတ်ဆန်တယ်၊ ဆွေးနွေးမှုအားလုံးက တောင်းဆိုတဲ့အချက်တွေ အတည်ပြုတဲ့ အချက်တွေ ရလဒ်တွေဟာ ၂၀၀၈ အခြေခံဥပဒေအောက်က သွားနေရတဲ့အချက်တွေပဲ ဖြစ်နေတဲ့အတွက်မို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် ဖက်ဒရယ်ဒီမိုကရေစီကို ရောက်နိုင်မှာ မဟုတ်ဘူးလို့ ကျနော်တို့ယူဆတယ်၊ ဒါကြောင့် "ရှေ့ဆက်ရန် မဖြစ်နိုင်တော့သည့် မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးမှုခရီး" အစီရင်ခံစာထုတ်ပြန်ရတာဖြစ်တယ်"** ဟု စောလေးကပေါ်မှ ပြောခဲ့သည်။ (MonNew)

ဩဂုတ် ၃၁ ရက်နေ့တွင် မွန်နစ်ပါတီနှင့် မွန်နိုင်ငံရေးအင်အားစုများ တစ်ပါတီအဖြစ်ပေါင်းစည်းနိုင်မှုကို ကြားသိရသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုလိုက်ကြောင်း မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဌ နိုင်ထောမွန်မှ ပြောခဲ့သည်။ **မွန်တစ်ပါတီပေါင်းစည်းတဲ့သတင်းကြားသိရတဲ့အတွက် ကျနော်တို့ အလွန်ဝမ်းသာတယ်၊ ကျနော်တို့ပါတီသဘောထားက တရားဝင် ရွေးကောက်ပွဲဝင်တဲ့ မွန်နိုင်ငံရေးတစ်ပါတီက တစ်ပါတီပဲ ဖြစ်စေချင်တာပါ၊ ခုလိုပေါင်းစည်းသွားနိုင်တာကို ဝမ်းသာတယ်၊ ကြိုဆိုတယ်၊ သိပ်ကိုအားရတယ်၊ မွန်ပါတီပေါင်းစည်းရေး တိုးတက်လာတဲ့အတွက် မွန်တစ်မျိုးသားလုံး ဝမ်းသာကြလိမ့်မယ် "** ဟု နိုင်ထောမွန်မှ ပြောခဲ့သည်။ (MonNew)

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သက်သက်ခိုင်နှင့် တိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျတို့အား ပါတီစည်းကမ်းပိုင်းအရ လိုအပ်ချက်ရှိနေသည့်အတွက် ပါတီတာဝန်များမှ ရပ်ဆိုင်းလိုက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီ ပြောရေးဆိုခွင့်ရှိသူ ပြောခဲ့သည်။ **" ပါတီဝင်တဦးက လွတ်လပ် စွာသဘောကွဲလွဲ ခွင့်ရှိပါတယ်၊ သို့သော်လည်း ပါတီအတွင်းစည်းထဲမှာပဲ ကွဲလွဲခွင့်ရှိတာပါခင်ဗျ၊ ပါတီကအတည်ပြုချမှတ်ထားတဲ့ မူဝါဒ၊ လမ်းညွှန် ချက်တွေကိုတော့ ကွဲလွဲလုပ်ဆောင်ခွင့်မရှိပါဘူး၊ အဲ့ဒီနေရာမှာ လိုအပ်ချက်ရှိနေလို့ ပါတီစည်းကမ်း အရ အရေးယူအပြစ်ပေးရခြင်းဖြစ်ပါတယ်"** ဟု ပြောခဲ့သည်။ (Irrawaddy)

**တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ပလောင်ပြည်နယ်ထူထောင်ရေးဟုဆိုပြီး သျှမ်းလူမျိုးများအား ရန်လိုဖမ်းဆီးသတ်ဖြတ် တိုက်ခိုက်နေခြင်းသည် ပလောင်လူမျိုးများအတွက် ပြည်နယ်ရနိုင်သည့် နည်းလမ်းကောင်းများ ဖြစ်လာနိုင်ပါ့မလား**ဟု TNLA အား သျှမ်းပြန် လည်ထူထောင်ရေးကောင်စီ ဥက္ကဌ ဗိုလ်ချုပ်ကြီး ယွက်စစ် မှ စက်တင်ဘာလ ၃ ရက်နေ့ Taifreedom Videos Online Live တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်တွင် မေးခွန်းထုတ်ခဲ့သည်။ ထို့ပြင် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့တွင် စက်တင်ဘာလအတွင်း ပြုလုပ်မည့် သျှမ်း CSSU အစည်းအဝေးအား နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဌာန (NRPC)ရုံးမှ ကျင်းပခွင့်မပေးဘဲ တားဆီးပိတ်ပင်လိုက်ခြင်းသည် အစိုးရဘက်မှ ငြိမ်းချမ်းရေးကို အမှန်တကယ်မလိုလား၍ဟု ဗိုလ်ချုပ်ကြီး ယွက်ဆစ်မှ ပြောကြားခဲ့သည်။ (Taifreedom) (Taifreedom) (Irrawady)

ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်ခံခဲ့ရသည့် ရိုက်တာသတင်းထောက်နှစ်ဦးနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အားနိုင်ငံတကာမှ ဝေဖန်မှုများရှိနေချိန်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နှုတ်ဆိတ်နေမှုအပေါ် ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုဝန်ကြီး ဦးအောင်လှထွန်း မှ တရားစီရင်ရေးအား ဝေဖန်ပြောဆိုခြင်းသည် တရားရုံးအား မထီမဲ့မြင်ပြုမှု မြောက်လိမ့်မည်ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ထိုသို့ ပြုလုပ်လိမ့်မည်ဟု မထင်ကြောင်း ရိုက်တာသတင်းထောက်ဟောင်း တစ်ဦးလည်းဖြစ်သူ ဦးအောင်လှထွန်းမှ ပြောခဲ့သည်။ **"ကျွန်တော်မျှော်လင့်ချက် တစ်ခု ရှိပါတယ်။ ဒါက Appeal (အယူခံ) ရှိပါသေးတယ်။ သူ့ရှေ့နေတွေနဲ့ တိုင်ပင်ပြီးတော့ Appeal ရှိတာပေါ့"** ဟု ဦးအောင်လှထွန်းမှပြောခဲ့သည်။ (Fronitor)

စက်တင်ဘာလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ အရေးပေါ် အစည်းအဝေး ပြုလုပ်ခဲ့ပြီး Reuters သတင်းထောက်တွေအပေါ် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ ထောင်ဒဏ်ချမှတ်လိုက်မှု အပေါ် ဒီမိုကရေစီအသွင်ကူးပြောင်းဖို့ ကြိုးပမ်းနေသည့်တိုင်းပြည်၏ ပုံရိပ်ကို ထိခိုက် နိုင်ကြောင်း၊ **"ဒီအပေါ်မှာ နိုင်ငံတကာရဲ့ ဖိအားတွေလာနိုင်တယ် အဲဒါက ဒီမိုကရေစီအသွင်ကူးပြောင်းမှုပုံရိပ်ကိုပါ ထိခိုက်နိုင်တယ်။ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေးကိုပါ အတိုင်းအတာတခုထိသွားပြီးတော့ သက်ရောက်နိုင်တယ်ဆိုတာမျိုးတွေ။ တာဝန်ရှိဆုံးအစိုးရကိုတော့ ဝေဖန်ကြတယ် ထောက်ပြကြတယ်။ သို့သော် အစိုးရကဒီအသံတွေကို တကယ်လေးလေးနက်နက်နားထောင်ပြီးတော့ စဉ်းစားရင်တော့ တိုင်းပြည်အတွက် လည်းကောင်းမယ်၊ သတင်းသမား၂ ယောက်အတွက်လည်းကောင်းမယ်ပေါ့နော်။"** ဟု သတင်းမီဒီယာကောင်စီအဖွဲ့ဝင်တဦးဖြစ်သည့် ဦးမြင့်ကျော် မှ ပြောခဲ့သည်။ (VOA) (NMG)

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Jeremy Hunt ဂျရယ်မီဟန့်မှ **ရခိုင်ပြည်နယ်မှာ ရိုဟင်ဂျာမွတ်စလင်တွေကို မြန်မာလုံခြုံရေးတပ်ဖွဲ့တွေမှ လူမျိုး တုံးရှင်းလင်းမှုတွေ ပြုလုပ်ခဲ့တယ်ဆိုသည့် စွပ်စွဲချက်တွေနှင့်ပတ်သက်ပြီး နိုင်ငံတကာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲတခုကို ကုလသမဂ္ဂ အထွေထွေညီလာခံ ကျင်းပနေစဉ်အတွင်း နယူးယောက်မြို့မှာ သူကမကထပြုလုပ်ဖို့ ရည်မှန်းထားပါသည်ဟု  ပြောကြားရင်း လူမျိုးတုံးရှင်း လင်းမှုကို မည်သည့်ပုံစံ မည်သည့် အခြေအနေမျိုးမှာမှ လက်မခံနိုင်ပါဘူး၊ တာဝန်ရှိသူတွေကို တရားဥပဒေအရ ကြိမ်းသေမုချ အရေးယူရ မှာ ဖြစ်တယ်သည်ဟု** စက်တင်ဘာလ၄ရက်နေ့တွင် ပြောကြားခဲ့သည်။ (RFA)

NCAလက်မှတ်ရေးထိုးထားသည့် မွန်ပြည်သစ်ပါတီ(MNSP)သည် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC တပ်ပေါင်းစုမှ နုတ်ထွက်ပြီး ဆက်စပ်အဖွဲ့အစည်းအဖြစ်သာပါဝင်သွားမည်ဟု မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဌ နိုင်ထေးမွန်မှ မွန်သတင်းအေဂျင်စီ အယ်ဒီတာနိုင် ဗညားအောင်နှင့် တွေ့ဆုံရာတွင် ပြောခဲ့သည်။ **" တို့ရဲ့ဗဟိုကော်မီတီအစည်းအဝေးမှာ ဆုံးဖြတ်ချက်ချထားတယ်။ ဆက်စပ်အဖွဲ့အစည်း အဖြစ်သာပါဝင်သွားမယ်။ တပ်ပေါင်းစုကနေနုတ်ထွက်မယ်။ UNFCညီလာခံကျရင် ကျွန် တော်တို့နုတ်ထွက်ပြီး ဆက်စပ်အဖွဲ့အစည်း အနေနဲ့ဘဲနေသွားမယ်။ အားလုံးပြေလည်ဖို့ပေါ့။ NCAကိုလဲ ကျွန်တော်တို့လျှောက်လှမ်းရ မယ်။အခုကျွန်တော်တို့ လက်မှတ်ရေးထိုးပြီးတဲ့ အနေအထားကြောင့် ပုံစံတမျိုးနဲ့ နေသင့်တယ်လို့ကျွန်တော်တို့ယူဆတယ်"** ဟု ပြောခဲ့သည်။ (VOA)

ICC နိုင်ငံတကာရာဇဝတ်ခုံရုံး တရားသူကြီးများ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာများကို မြန်မာလုံခြုံရေးတပ်ဖွဲ့များ လူ့အခွင့်အရေး ချိုးဖေါက်မောင်းထုတ်ခဲ့သည့် အမှုကို စစ်ဆေးစီရင်မယ်ဆိုရင် ကိုင်တွယ်ဖြေရှင်းသည့် အဆင့် ၄ ဆင့်ရှိသည်ဟု အမေရိကန်အခြေစိုက် ရိုဟင်ဂျာအရေး ဆောင်ရွက်နေသည့် Civil Rights Movement တန်းတူညီမျှ အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ ဥက္ကဌ ဦးဌေးလွင်ဦးမှ ပြောခဲ့သည်။ **"အဆင့် ၄ ဆင့်ရှိတယ်၊ နံပါတ် ၁ က ဒီအမှုကိုပြင်ဆင်မယ်၊ နံပါတ် ၂ က အောက်ရုံးကနေ အပေါ်ရုံးကိုတင်မယ်၊ အပေါ်ရုံးကို ရောက်သွားတဲ့အဆင့်ပြီးရင်တော့ ဒါ ICC ရဲ့လုပ်ငန်းစဉ်စပြီပေါ့၊ ဒါတတိယအဆင့်မြောက်လို့ ခေါ်တာပေါ့၊ တတိယအဆင့်မြောက်ရဲ့အထက်မှာ တရားစွဲထားသော သို့မဟုတ် စွဲချက်တင်ခံရသောပုဂ္ဂိုလ်ကို မျက်ကွယ်မှာ ဆုံးဖြတ်ချက်ချလို့မရဘူး၊ စွပ်စွဲခံရတဲ့ပုဂ္ဂိုလ်တရားခံတွေကတရားရုံးရှေ့ကိုရောက်အောင် လုပ်ရပါလိမ့်မယ်" ဟုပြောခဲ့သည်။** (RFA)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာတွင် အစ္စလာမ်ဘာသာဝင်များကို ကမန်တိုင်းရင်းသားများအဖြစ် လူဝင်မှုကြီးကြပ်ရေးဦးစီး ဌာနမှ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနေတာကို ပြန်လည်စိစစ်ပြီး ဖျက်သိမ်းပေးရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့ စာပေးပို့ တောင်းဆိုထားသည်ဟု ရမ်းဗြဲမြို့နယ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ALD ပါတီဥက္ကဌ ဦးမြင့်လွင် မှ ပြောခဲ့သည်။  (RFA)

နိုင်ငံတကာ ရာဇဝတ်ခုံရုံးမှ ရခိုင်ပြည်တွင် မြန်မာ့တပ်မတော် နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နယ်မြေရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာ သိန်းချီ ထွက်ပြေးခဲ့ရခြင်းအပေါ် နိုင်ငံတကာ ရာဇဝတ်ခုံရုံးမှ မြန်မာနိုင်ငံအား စုံစမ်း စစ်ဆေးခွင့် ရှိကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။ အဆိုပါ ဆုံးဖြတ်ခဲ့ခြင်းအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Adama Dieng က ကြိုဆိုကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (VOA) (UN)

စက်တင်ဘာလ ၇ ရက်နေ့တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ (အိုင်-၁၁) အဆောင်၌ စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့ ခေါင်းစဉ်ဖြင့် DVB Debate အား ပြုလုပ်ခဲ့သည်။ (DebatePart1) (DabatePart2) (DebatePart3) (Sdtime) (7day)

စက်တင်ဘာလ ၇ ရက်နေ့တွင် သမ္မတ အိမ်တော်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ရိုက်တာ သတင်းထောက် နှစ်ဦးအား ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ခြင်းတွင် အစိုးရ၏ ပါဝင် ပတ်သတ်ခဲ့ခြင်း မရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာသွားရသည့် ရိုဟင်ဂျာ လူဦးရေ ၃၀၀၀ ခန့်အား မြန်မာနိုင်ငံသို့ စတင်လွှဲပြောင်း ပို့ဆောင်မည် ဖြစ်ကြောင်းကိုလည်း ပြောခဲ့သည်။ (Mizzima) (Irrawaddy) (VOA)

မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများဖြစ်သည့် UNDP ကုလသမဂ္ဂဖွံ့ဖြိုးရေးအေဂျင်စီ နှင့် UNHCR ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့ MOU နားလည်မှုစာချွန်လွှာ ရေးထိုးပြီး သုံးလကြာရှိသွားပေမယ့် ရခိုင်ပြည်နယ်မြောက်ပိုင်းကို သွားရောက် ကြည့်ရှုခွင့် မရသေးဘဲ အာဏာပိုင်များ၏ ခွင့်ပြုချက်ရရန် စောင့်ဆိုင်းနေရဆဲ ဖြစ်ကြောင်း UNHCR ပြောခွင့်ရပုဂ္ဂိုလ် Babar Baloch က စက်တင်ဘာလ ၇ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ (VOA)

ငြိမ်းချမ်းရေးကော်မရှင်(PC) နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့ တရုတ်နိုင်ငံ ကူမင်းမြို့ ၌ တွေ့ဆုံရန် စီစဉ်ထားမှု ပျက်ခဲ့ကြောင်း သတင်းများသည် မမှန်ကြောင်း KIO ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွန်မော်က စက်တင်ဘာလ ၈ ရက်နေ့တွင် ပြောခဲ့သည်။ (Mizzima)

စက်တင်ဘာလ ၆ ရက်နေ့တွင် ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမထား သတင်းထောက်များအဖွဲ့ (RSF) ရဲ့ အတွင်းရေးမှူးမှ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ထောင်ဒဏ် ၇ နှစ် ချမှတ်ခံထားရသော ရိုက်တာ သတင်းထောက် ၂ ဦးအား ပြန်လွတ်ပေးရန်အတွက် အိတ်ဖွင့်စာ ပေးပို့ခဲ့သည်။ (VOA) (RSF)

ICC ၏ မြန်မာနိုင်ငံအပေါ် စစ်ဆေးမည့် ဆုံးဖြတ်ချက်အပေါ် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေဖြင့် နိုင်ငံတကာသို့ အစိုးရအား တာဝန်ခံ၍ ပြတ်ပြတ်သားသား တုံ့ပြန် ရှင်းလင်းရန်လိုကြောင်း အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီ (NDF) ဥက္ကဋ္ဌ ဦးခင်မောင်ဆွေမှ ပြောခဲ့သည်။ (MMtime)

စက်တင်ဘာလ ၁၀ ရက်နေ့ ညပိုင်းတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ- ၂ ဒေါက်တာဇော်မြင့်မောင်က ပါတီ၏ မူဝါဒ၊ သဘောထား လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြော တင်ပြခဲ့သည်။ (MOI)

မြန်မာနိုင်ငံ ရခိုင်ဒေသမှာ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအတွက် တရားစွဲဆိုရန်နှင့် ပတ်သတ်သော အထောက်အထားများစုဆောင်းမည့် အဖွဲ့သစ်တစ်ဖွဲ့ ဖွဲ့ရန် ကုလသမဂ္ဂ လူ့အခွင့်အရေး အကြီးအကဲ မီချဲလ်ဘက်ချလက်မှ တောင်းဆိုခဲ့သည်။ (BBC) (VOA)

စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြန်မာ့တပ်မတော်နှင့် ဖြစ်ပွားနေသည့် တိုက်ပွဲများ၊ မငြိပက္ခများ ပြေလည်မှုရှိရေး တွေ့ဆုံညှိနှိုင်းရန် အသင့်ရှိသည်ဟု ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံ တပ်မဟာ (၅) မှပြောရေးဆိုခွင့် ရှိသူ ဗိုလ်မှူး စောကလယ်ဒိုက ပြောခဲ့သည်။ (7Day)

နိုင်ငံတော်လျို့ဝှက်ချက် အက်ဥပဒေဖြင့် ထောင်ဒဏ်ပြစ်ဒဏ် ၇ နှစ်စီ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် Reuters သတင်းထောက် ၂ ယောက် လွတ်မြောက်ရေးအတွက် နည်းလမ်းပေါင်းစုံသုံး လုပ်ဆောင်ပေးရန် အမေရိကန် အထက်လွှတ်တော်အမတ် ၁၁ ယောက်က နိုင်ငံခြားရေးဝန်ကြီး Mike Pompeo ထံ စာရေးခဲ့သည်။ ယခုလို အမေရိကန် အထက်လွှတ်တော်အမတ်များ သာမက ဒုသမ္မတ Mike Pence နှင့် တခြားလွှတ်တော်အမတ်များကလည်း ဒီသတင်းထောက် ၂ ဦးကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုမှုများ ရှိနေခြင်းကြောင့် မြန်မာအစိုးရက အဆိုပါ ကိစ္စ အရေးယူဆောင်ရွက်လာနိုင်ကြောင်း Human Rights Watch လူ့အခွင့်အရေး အဖွဲ့က သုံးသပ်ခဲ့သည်။ (VOA) (RFA)

စက်တင်ဘာ လဆန်းပိုင်းအတွင်း ကျင်းပရန်ပြင်ဆင်ထားသည့် CSSU အစည်းအဝေးအား အစိုးရက ကျင်းပခွင့်မပေးသည့်အတွက် မကျင်းပခဲ့ကြောင်း၊ အစိုးရခွင့်မပြုလျှင် နောက်နောင်တွင်လည်း အစည်းအဝေး ကျင်းပတော့မည် မဟုတ်ကြောင်း။ အစိုးရက ခွင့်ပြုပေးသည့် အခါမှသာ လုပ်ဆောင်မည် ဖြစ်ကြောင်း စိုင်းအိုက်ပေါင်းက ပြောခဲ့သည်။ (RFA) (ShanNews)

(၇၉) နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့ ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းအနားတွင် ဗိုလ်ကျော်နိုင်စိုး (ရခိုင်ပြည်တပ်မတော် - AA) မှ ပြောကြားခဲ့သည့် မိန့်ခွန်း (ArakanArmy)

ရိုက်တာသတင်းထောက် ၂ဦးဖြစ်သည့် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား စက်တင်ဘာလ ၃ ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ်စီချမှတ်လိုက်သည့် ကိစ္စနှင့် ပတ်သက်ပြီး ဗီယက်နမ် နိုင်ငံ၌ ကျင်းပသည့် ကမ္ဘာစီးပွားရေးဖိုရမ် ဆွေးနွေးပွဲတခုတွင် ဒေါ်အောင်ဆန်းစုကြည်မှ **ရိုက်တာသတင်းထောက် ၂ ဦးဟာ သတင်းထောက်ဖြစ်လို့ ထောင်ချခံရတာ မဟုတ်ဘဲ နိုင်ငံတော် လျှို့ဝှက်ချက် ဥပဒေကို ချိုးဖောက်မှုနဲ့ အပြစ်ရှိတယ်လို့ တရားရုံးကဆုံးဖြတ် ထောင်ချခံရတာဖြစ်တယ်လို့** ပြောခဲ့သည်။ (DVB) (Frontier)

## တိုင်းရင်းသားပါတီများ

ဩဂုတ် ၃၁ ရက်နေ့တွင် မွန်နိုင်ငံရေးပါတီများဖြစ်သည့် မွန်အမျိုးသားပါတီ(MNP) ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP) နှင့်ထပ်မံဖွဲ့စည်းထားသည့် မွန် အမျိုးသားကိုယ်စားပြုပါတီတို့သည် တစ်ပါတီတည်းအဖြစ် ပေါင်းစည်းကာ မွန်ပါတီအမည်ဖြင့် ဖွဲ့စည်းလိုက်ကြောင်း ပါတီပူးပေါင်းရေးကော်မတီဝင် AMDP ပါတီ တွဲဖက်အတွင်းရေးမှူး နိုင်စံတင့် မှပြောခဲ့သည်။ **"ပါတီအမည်သစ် မိတ်ဆက်ပွဲနဲ့ ပေါင်းစည်းရေးအခမ်းအနားနဲ့ ပတ်သက်ပြီး စက်တင်ဘာ ၂၁ ရက်မှာ မော်လမြိုင်မြို့ Royal Hinther ဟိုတယ်မှာ မွန်တိုင်းရင်းသားပြည် သူတွေကို ချပြမယ်။ ဥပဒေတွေ၊ မူဝါဒတွေရေးဆွဲပြီးမှ ရွေးကောက်ပွဲကော်မရှင်ကို တင်မယ်"**ဟု နိုင်စံတင့်မှပြောခဲ့သည်။ (7Day) (TheLadies) (NMG) (Eleven)

ဩဂုတ်လ ၃၁ ရက်နေ့နှင့် စက်တင်ဘာလ ၁ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ပိုင်ခေတ်ခန်းမ၌ မွန်နိုင်ငံရေးပါတီများ၏ (၂၁) ရာစုပင်လုံ ညီလာခံ ပြန်လည်သုံး သပ်ခြင်း ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအပေါ် အစုအဖွဲ့အသီးသီး၏ ကိုယ်စားလှယ်များ စိတ်ဝင်စားမှုကျဆင်းလာသည်ကို အဓိကသုံးသပ်မိကြောင်း မွန်အမျိုးသားပါတီ (MNP) အထွေထွေ အတွင်းရေးမှူး နိုင်လယိတမှ ပြောခဲ့သည်။ **"ကျနော်တို့ မွန် ၂ ပါတီပဲပြောပြော မွန်ပါတီပဲဆိုဆိုပေါ့ ၂၁ ရာစုပင်လုံညီလာခံတက်ရောက်ခဲ့တဲ့ အစုအဖွဲ့အားလုံးက ကိုယ်စားလှယ် တွေဟာ ညီလာခံအပေါ်မှာ စိတ်ဝင်စားမှုတွေ ကျဆင်းလာတယ်၊ အကြောင်းအရင်းကတော့ ကိုယ်ပိုင်ပြဌာန်းခွင့်နဲ့ ပတ်သက်တဲ့ အကြောင်း အရာတွေကို ဆွေးနွေးခွင့်မရှိတာကို သုံးသပ်ခဲ့ကြတယ်"** ဟု ပြောခဲ့သည်။ (MonNew) (NMG)

စက်တင်ဘာလ ၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာနှင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြ သည့် ရှမ်းတိုင်းရင်းသားများဒီမိုက ရက်တစ်ပါတီ (SNDP)၏စည်းရုံး ရေးဟောပြောချက်၌ SNDP အမှတ်တံဆိပ်အစား ရှမ်းတိုင်းရင်း သားများဒီမိုကရေစီအဖွဲ့ချုပ်-ကျားခေါင်းပါတီ(SNLD)အမှတ်တံဆိပ်ဖြင့် မှားယွင်းဖော်ပြခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်းနှင့် ပြန်လည် ပြင်ဆင်ပေးရန်အတွက် SNDP မှ ပေးပို့ခဲ့သည်။ (7day)

စက်တင်ဘာလ ၈ ရက်နေ့တွင် ကရင်ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီ ၄ ပါတီ ပူးပေါင်းဖွဲ့စည်းထားသော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ၏ ကြာအင်းဆိပ်ကြီးမြို့နယ် အလုပ်အမှုဆောင် ကော်မတီအား ဖွဲ့စည်းခဲ့သည်။ (KIC)

## အခြား

ရခိုင်ပြည်နယ်မြောက်ပိုင်းပြဿနာကို နိုင်ငံတကာ၏ ဖိအားပေးမှု ပိုမိုမြင့်တက်လာချိန်မှာပင် ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သောစုံစမ်း စစ်ဆေးရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှုလုပ်ငန်းများကို သြဂုတ်လ ၃၀ ရက်နေ့ တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်ဇံမှ ပြောခဲ့သည်။**"ယခုခရီးစဉ် မှာတော့ ရခိုင်ပြည်နယ် ကိုသွားမယ့် ခရီးစဉ်ပါမယ်။ ခရီးစဉ်စုစုပေါင်းကတော့ သုံးညအိပ် လေးရက်လောက်ပါပဲ"** ဟုပြောခဲ့သည်။ (mmtimes) (VOA)

သြဂုတ်လ ၃၀ ရက်နေ့ ညနေပိုင်းတွင် မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ဝါးတောလမ်းရှိ စားသောက်ဆိုင်၌ ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုအဖွဲ့မှ ဗိုလ်မှူးဆိုသူနှင့် ဒေသခံ ဆိုင်ထိုင်နေသူများ အချင်းများခဲ့ပြီး ဗိုလ်မှူးမှ ဒေသခံတဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ **"စား သောက်တာက တစ်ဝိုင်းစီ စားသောက်ကြတယ်။ပစ်တဲ့သူကစားသောက်ပြီး ဆိုင်ကပြန်အထွက်မှာ ဆူညံနေတယ်ဆိုပြီး အဲဒီဝိုင်းက လူတွေ ကိုပြောဆိုရာကနေ ပစ်ခတ်မှုဖြစ်တာ။ညတွင်းချင်း တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့တယ်။ပြီးတော့တရားခံက အဖွဲ့အစည်းကဖြစ်တော့ သက်ဆိုင်ရာအဖွဲ့နဲ့ ချိတ်ဆက်ထားတယ်။သူတို့ဆီရောက်ရင်တော့ အမှုအတွက် ညှိနှိုင်းဆောင်ရွက်မှု လုပ်ပေးမယ်လို့ အကြောင်းပြန်ထား တယ်"** ဟု သထုံမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်မှ ပြောခဲ့သည်။ (StTime) (Hinthar)

သြဂုတ်လ ၃၁ ရက်နေ့တွင် ရခိုင်ပြည်နယ်အရေးအတွက် အစိုးရမှ ဖွဲ့စည်းထားသည့် ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်း စစ်ဆေးရေး ကော်မရှင်သည် မောင်တောမြို့နယ်သို့ ပထမဆုံးခရီးစဉ် အဖြစ် သွားရောက် လေ့လာခဲ့သည်။ ခရီးစဉ်တွင် ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ရိုဆာရီယို မယ်နာလိုနှင့် အဖွဲ့ဝင် သုံးဦးအပြင် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ လိုက်ပါခဲ့သည်။ (RFA) (7Day)

သြဂုတ် ၃၁ ရက်တွင် ပြုလုပ်သည့် ပြည်နယ်လွှတ်တော် ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး အကောင်အထည် ဖော်ဆောင်မှု အခြေအနေများနှင့် ပတ်သက်၍ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးမှ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးရှိ အရာထမ်း၊ အမှုထမ်းတို့အား တင်ပြ ဆွေးနွေးခဲ့သည်။ **"ကျွန်တော် နိုင်ငံအနေနဲ့ကတော့ NCA စာချုပ်ကို အခြေခံပြီးတော့မှ တိုင်းရင်းသားလူမျိုးတွေအသီးသီးရဲ့ လိုလားချက်တွေကိုကျွန်တော်တို့ နိုင်ငံရေးစကားဝိုင်း ထိုင်ပြီးတော့မှ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တယ်"** ဟု ဗိုလ်မှူးကြီးဝင်းနိုင်ဦးမှ ပြောခဲ့သည်။ (Hinthar)

စက်တင်ဘာ ၁ ရက်နေ့နှင့် စက်တင်ဘာ ၂ ရက်နေ့များတွင် မော်လမြိုင်မြို့ရှိ ရာမညဟိုတယ်၌ မွန်အရပ်ဘက်အဖွဲ့အစည်းများ၏ ပြည်ထောင်စုငြိမ်း ချမ်းရေးညီလာခံ(တတိယအစည်းအဝေး) ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲ" ပြုလုပ်ခဲ့သည်။ မွန်အရပ်ဖက်အဖွဲ့အစည်းများခေါင်းဆောင် မင်း အောင်ထူးမှ **"ပြီးခဲ့တဲ့ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးမှာက အားလုံးသိကြတဲ့အတိုင်းပဲ သဘောတူညီချက် ၁၄ ချက်ပဲရှိတဲ့အတွက် ကျနော်တို့ မွန်တွေစုစည်းထားတဲ့အချက်အလက်တွေ ပါဝင်မှုရာနှုန်းတော်တော်နည်းတာကို သုံးသပ်ရတယ်၊ မနက်ဖန်အစီအစဉ်မှာတော့ လက်ရှိသွားနေတဲ့ နိုင်ငံရေးဆွေးနွေးမှုမူဘောင် Frame Work ရော သွားနေတဲ့အခင်းအကျင်း UPDJC အတွင်းရေးမှူးအဖွဲ့နဲ့ လုပ်ငန်းအဖွဲ့တွေမှာ သွားနေတဲ့ပုံစံနဲ့ဆိုရင် ဘယ်လိုမျိုး အပြောင်းအလဲတွေလုပ်မှ အဆင်ပြေမလဲ ဆက်ပြီးသုံးသပ်ဖို့ရှိတယ်"** ဟု ပြောခဲ့သည်။ (MonNew)

ရခိုင်ပြည်နယ်အခြေပြု ပါတီသစ်တခုအဖြစ် အဖရခိုင်ပါတီ (Arakan Fatherland Party -AFP) အမည်နှင့် တည်ထောင်ဖို့ လျှောက်ထားသည့်သူများကို ပါတီအမည်ပြောင်းလဲပေးရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ခေါ်ယူ အကြောင်းကြားသည်ဟု ပါတီသစ် တည်ထောင်ရန် ဦးဆောင်လျှောက်ထားသူ ဦးစိုးဝင်းမှ ပြောခဲ့သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ပြောရေး ဆိုခွင့်ရှိသူ ဦးမြင့်နိုင် မှ **အဖ ရခိုင်ပါတီ လို့ အမည်ပေးကြမယ်ဆိုပါတော့၊ အဲဒါဆို ဥပမာ အဖ ကရင်ပါတီ၊ အဖ မွန်ပါတီ၊ အဖ မြို့ပါတီ စသဖြင့် အခြားတိုင်းရင်းသားတွေကလည်း သူတို့ ပါတီအမည်တွေ ပေးကြမယ် ဆိုရင် အဆင်မပြေနိုင်တာတွေ ဖြစ်လာနိုင်တာကြောင့် အခုလို ပါတီ အမည် ကို ပြန်စဉ်းစားပေးဖို့ ပြောရတယ် ဖြစ်တယ်**ဟု BBC သတင်းဌာနသို့ ပြောခဲ့သည်။ (BBC) (TheLadies)

စက်တင်ဘာလ ၂ ရက်နေ့တွင် အစိုးရနှင့် မြောက်ပိုင်း လက်နက်ကိုင်အဖွဲ့များ တရုတ်နိုင်ငံ၌ တွေ့ဆုံရန် ညှိနှိုင်းနေကြောင်း ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ပြောရေးဆိုခွင့်ရှိသူ လားရှိုးမြို့ ဆက်ဆံရေး ရုံးတာဝန်ခံ ဦးညီရန်းမှ ပြောခဲ့သည်။ **"ကျွန်တော်သိရသလောက်ကတော့ ဆုံဖို့ရှိမယ်လို့ တိုင်ပင်နေ ကြတယ်။ တရုတ်ပြည်မှာပေါ့။ ရက်စွဲတိတိကျကျတော့ မထွက် လာသေးဘူး"**ဟု ဦးညီရန်းမှ ပြောခဲ့သည်။ (7Day) (TNLA)

စက်တင်ဘာလ (၃) ရက်နေ့တွင် ရိုက်တာ သတင်းထောက် ၂ ဦးအား နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မဖြင့် ထောင်ဒဏ်(၇) နှစ်စီ ချမှတ်ခဲ့သည်။ ရိုက်တာသတင်းထောက်၂ ဦးအား ထောင်ဒဏ်ချမှတ်လိုက်ခြင်းသည် သတင်းသမားများအား လွတ်လပ်စွာသတင်းရယူခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်တို့ကို ကန့်သတ်လိုက်ခြင်းဖြစ်ပြီး လွတ်လပ်၊ တက်ကြွ၊ ဘက်မလိုက်သောတရားစီရင်ရေး ဝန်းကျင်ပျောက်ဆုံး နေမှုကို ထင်ဟပ်သည်ဟု မြန်မာဂျာနယ်လစ် ကွန်ရက်(MJN) အထွေထွေအတွင်းရေးမှူး ဦးမြင့်ကျော် မှပြောခဲ့သည်။ **"ရခိုင်လို အကြောင်းအရာမျိုး ရခိုင်မှာဖြစ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု လိုဟာမျိုးတွေကို မီဒီယာက ဖော် ထုတ်ဖို့ မကြိုးစားနဲ့ပေါ့။ မီဒီယာမှာ အကန့်အသတ်တွေနဲ့ ဆင်ဆာတွေ ပေါ်ထွက်လာတဲ့ သဘောရှိတယ်။ မီဒီယာမှာ အဲ့ဒီဟာကို လုပ်ရဲတဲ့သူက အခုလို ထောင်ဒဏ်မျိုးကို ကျခံနိုင်မှ လုပ်ဆိုတဲ့ သဘောမျိုးဖြစ်လာတယ်"** ဟု ပြောခဲ့သည်။ စီရင်ချက်ချအပြီးတွင် တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာ တရားစီရင်ရေးတို့သည် ဆိုးရွားနေပြီဟု ရိုက်တာသတင်းထောက်နှစ်ဦး၏ ရှေ့နေ ဦးသန်းဇော် အောင်မှ သတင်းထောက်များအား ပြောခဲ့သည်။ (NMG) (NMG) (VOA) (BBC)

စက်တင်ဘာလ ၃ ရက်နေ့တွင် ကချင်လူငယ်ထုမှ ဦးဆောင်သော ဆန္ဒထုတ်ဖော်လှုပ်ရှားမှု ပိတ်မိပြည်သူများ လွှတ်ပေးရေးဆန္ဒပြပွဲများကြောင့် အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး မျိုးမင်းဦးမှ တရားစွဲဆိုထားမှုအား ၁၅ ကြိမ်မြောက် ရုံးချိန်း တွင်မြစ်ကြီးနားမြို့နယ် တရားရုံးမှ လက်ခံခဲ့သည်။ တရားလိုဖက်မှ တိကျခိုင်မာသည့် သက်သေထွက်ဆိုချက်များ မရှိဘဲ အသေရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် စွဲချက်တင်သည်ကို တရားရုံးမှ လက်ခံလိုက်သည့်အပေါ် လက်ရှိတရားရေးမဏ္ဍိုင်သည် မေးခွန်းထုတ်စရာဖြစ်နေသည်ဟု တရားစွဲဆိုခံ ရသူ ဦးဇော်ဂျတ်မှ ပြောခဲ့သည်။ (NMG)

စက်တင်ဘာ ၁ ရက်မှ ၃ ရက်နေ့ အထိ ကနေဒါနိုင်ငံ၊ Alberita ခရိုင်၊ (Edmonton) မြို့၌ ကနေဒါနိုင်ငံ ကရင်လူမှုအသိုင်းအဝိုင်း၏ နှစ်ကုန်အစည်း အဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ထိုင်း-မြန်မာ နယ်စပ်ရှိ ဒုက္ခသည်များအပါအဝင် ပြည်တွင်းစစ်ရှောင် ပြည်သူ (IDPs)များအတွက် ထောက်ပံ့မှု အကူအညီများ ဆက်လက်ရရှိရန် နိုင်ငံတကာသို့ စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းများလုပ်ဆောင်သွားမည်ဟု သက်ဆိုင်ရာ မြို့သီးသီးမှ ကိုယ်စားလှယ်များက ဆုံးဖြတ်ခဲ့ကြောင်း KCC ဥက္ကဌဖြစ်သူ စလုံ့ဖန်းမှ ပြောခဲ့သည်။ (KIC)

စက်တင်ဘာ ၄ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အောခစ်ဟိုတယ်၌ ရိုက်တာ သတင်းထောက်နှစ်ဦး ထောင်ဒဏ် ခုနစ်နှစ်စီ အပြစ်ပေးခံရခြင်းနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေ ချိုးဖောက်သည်ဟု ဆိုကာ ထောင်ဒဏ် ၇ နှစ်စီ ချမှတ်ခံလိုက်ရသည့် ရိုက်တာ သတင်းထောက်နှစ်ဦးအမှုကို စစ်ဆေးနေစဉ် အတောအတွင်း ဂျပန်သတင်းဌာန NHK နှင့် ပြုလုပ်သည့် အင်တာဗျူး တစ်ခုတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ အပေါ်ပေးသည့် မှတ်ချက်ကြောင့် အလွန်စိတ်မကောင်း၊ ဝမ်းနည်း ရသည်ဟု သတင်းထောက်တစ်ဦးဖြစ်သူ ကိုဝလုံး၏ဇနီး မပန်းအိမွန်မှ ပြောခဲ့သည်။ **"(ဒေါ်အောင်ဆန်းစုကြည်က) အဲဒီလိုမျိုး ဖြေလိုက်တဲ့ အခါမှာ တော်တော်ကို စိတ်လည်းမကောင်းဘူး။ ဝမ်းလည်းနည်းတယ်။ ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ဆိုတာ အစ်မတို့ အရမ်းကို အထင်ကြီးလေးစားခဲ့ရတဲ့ပုဂ္ဂိုလ်"** ဟု မပန်းအိမွန်မှ ပြောခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင်သတင်းထောက်များ ထောင်ဒဏ်ခုနစ်နှစ် ချမှတ်လိုက်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ အထက်ဌာနအဆင့်ဆင့်ထံအယူခံဝင်သွားရန် စဉ်းစားဆောင်ရွက်နေသည်ဟု ရိုက်တာသတင်းထောက် နှစ်ဦး၏အမှုအား လိုက်ပါ ဆောင်ရွက်ပေးသူ တရားလွှတ်တော်ရှေ့နေဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ (Voice) (StTime) (StTime)

စက်တင်ဘာလ ၄ ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ်စီ ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည့် ရိုက်တာသတင်းထောက် ၂ ဦးကို အမြန်ဆုံးပြန်လွှတ်ပေးရန် အမေရိကန် ဒုတိယသမ္မတ မိုက်ခ်ပန့်စ်မှ တောင်းဆိုခဲ့သည်။ **"ဝလုံးနဲ့ ကျော်စိုးဦးတို့ဟာ လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ လူအများအပြားကို သတ်ဖြတ်မှုနဲ့ဆိုင်တဲ့ အကြောင်းအရာတွေကို ဖော်ထုတ်တဲ့အတွက် အသိအမှတ်ပြုပေးရမှာပါ။ ထောင်ဒဏ်ချမှတ်ရမှာ မဟုတ်ပါဘူး။ ဘာသာရေးနဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်ဟာ အားကောင်းတဲ့ ဒီမိုကရေစီဖြစ်ပေါ်လာစေရေးမှာ မရှိမဖြစ် အရေးပါပါတယ်။ သူတို့ကို အမြန်ဆုံးပြန်လွှတ်ပေးဖို့နဲ့ တရားစီရင်ရေးကို ပြုပြင်ဖို့ တောင်းဆိုပါတယ်"** ဟု တွစ်တာ အင်တာနက်လူမှု ကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားတောင်းဆိုခဲ့သည်။ (DVB) (Voice) (VOA)

အစိုးရငြိမ်းချမ်းရေး ကော်မရှင် (PC) တာဝန်ရှိသူများနှင့် မြောက်ပိုင်းလက်နက်ကိုင်သုံးဖွဲ့ဖြစ်သော တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ မြန်မာနိုင်ငံအမျိုးသားမဟာမိတ်တပ်မတော်(MNDAA)နှင့် ရက္ခိုင့်တပ်မတော်(ULA/AA)မှ တာဝန်ရှိသူများသည် စက်တင်ဘာ ၅ ရက်တွင် တရုတ် နိုင်ငံ၌ တွေ့ဆုံမည်ဖြစ်သည်ဟု တိုင်းရင်းသားအရေးလေ့လာသူ ဦးမောင်မောင်စိုးမှ ပြောခဲ့သည်။ **"မနက်ဖြန်တွေ့မယ်။ သွား နေပြီဆိုတာတော့ ပြောနေကြတယ်"**ဟုပြောခဲ့သည်။ (7Day)

စက်တင်ဘာ ၄ ရက် ည ၈ နာရီဝန်းကျင်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၈ လမ်းနှင့် လမ်း ၈၀ ထောင့်၊ လမ်း ၈၀ နှင့် ၄၁ လမ်းထောင့်၊ ၃၈လမ်းနှင့် ၇၈ လမ်းထောင့်၊ ၃၈ လမ်းနှင့် ၈၄ လမ်းထောင့်ရှိ ဓာတ်တိုင်အချို့တွင် " မြန်မာနိုင်ငံ အတွင်းရေးကို ဝင်ရောက် စွက်ဖက်နေသော UN အလိုမရှိ၊ NLD အစိုးရ အယုံအကြည် မရှိ။ မြန်မာနိုင်ငံမှာ ခိုးဝင်ဘင်္ဂါလီသာ ရှိသည်။ ရိုဟင်ဂျာ တိုင်းရင်းသား ဆိုတာမရှိ။ မြန်မာ့သမိုင်းကို သွေးဖြင့်ဆေးမည်" စသည့် စာသားများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးထားသော စာရွက်များကို ကပ်ထားသည်ကိုတွေ့ရသည်ဟု မဟာအောင် မြေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းအောင်မှ ပြောခဲ့သည်။ (Eleven)

စက်တင်ဘာ ၅ ရက်တွင် လက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ တစ်ပြိုင်တည်း တွေ့ဆုံညှိနှိုင်း အဖြေရှာသောနည်းဖြင့် အစိုးရက ဦးဆောင်၍ ဆောလျင်စွာ ဆောင်ရွက်ပေးရန် အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းရာ အဆိုပါကိစ္စသည် လွှတ်တော်တင်သွင်း၍ အတည်ပြုကာ လုပ်ဆောင်ရမည်မဟုတ်သဖြင့် ဥပဒေနှင့် မညီညွတ်ဟုဆိုကာ တင်သွင်းခွင့် မရခဲ့ခြင်းဖြစ်ကြောင်း အဆိုတင်သွင်းသူ နမ္မတူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးမှ ပြောခဲ့သည်။ (Eleven) (DVB)

တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) မှ ဖမ်းဆီးသွားသည့် နမ့်ခမ်းမြို့သူ နန်းမိုဟွမ်အား အမြန်ဆုံးပြန်လွှတ်ပေးရန် အတွက် ကူညီပေးရန် နန်းမိုဟွမ်၏ မိသားစုဝင်နှင့် နမ့်ခမ်းမြို့ အဖွဲ့အစည်း အသီးမှ လက်မှတ်ရေးထိုးကာ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ နိုင်ငံတော် သမ္မတ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ တအာင်း သံဃာတော်များအဖွဲ့၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးရေး ကော်မတီ ( FPNCC ) မြောက်ပိုင်းမဟာမိတ်အဖွဲ့ တို့ကို စာရေး တင်ပြ တောင်းဆိုထားကြောင်း နန်းမိုဟွမ် အမဖြစ်သူ နန်းမိုခမ်းမှ ပြောခဲ့သည်။**" လက်နက်ကိုင် က အခုထိ မိသားစုကို အကြောင်းကြားတာမရှိဘူး။ ကျမ ကတော့ ကျမညီမရဲ့ ကျန်းမာရေးကို စိုးရိမ်တယ်။ သူ့သားသမီးတွေကလည်း ငယ်သေးတော့ စိုးရိမ်တယ်။ ကျမ တို့ မိဘတွေ လည်း ညည ဆို အိပ်မပျော်ဘူး"** ဟု နန်းမိုခမ်း မှပြောခဲ့သည်။ (ShanNews)

ကချင်ပြည်နယ်မှာ တိုင်းရင်းသားများအပေါ် မြန်မာ့တပ်မတော်မှ ကျူးလွန်သည့် စစ်ရာဇဝတ်မှုများ ရပ်တန့်သွားစေရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၊ အချက်အလက်ရှာဖွေရေးအဖွဲ့ Fact Finding Mission ၏အစီရင်ခံစာပါ ထောက်ပြချက်များအတိုင်း မြန်မာစစ်ခေါင်းဆောင်များကို ICC ရာဇဝတ်တရားရုံးတွင် နိုင်ငံတကာဥပဒေနှင့်အညီ အရေးယူပေးရန် ကချင်လူမှုအဖွဲ့အစည်း (၂၅)ဖွဲ့မှ တောင်းဆိုခဲ့သည်။ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် အစိုးရတပ်များမှ ကချင်ပြည်သူများအပေါ် ကျူးလွန်မှုများကို သူတို့အနေနှင့် စာရင်းပြုစုထားကြောင်း ဗြိတိန်အခြေစိုက် ကချင်အမျိုးသားအစည်းအရုံး (KNO) ၏ အထွေထွေအတွင်းရေမှူး ကိုခမ်းဖါဆဒမ်းမှ ပြောခဲ့သည်။ (VOA)

မြန်မာအစိုးရ NRPC ငြိမ်းချမ်းရေး ကော်မတီ နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့ စက်တင်ဘာ (၅) ရက်တွင်တရုတ်ပြည် ကူမင်းမြို့၌ တွေ့ဆုံ ဆွေးနွေးရန်ရှိသော်လည်း နှစ်ဖက် မဆွေးနွေးနိုင်ဘဲ အစည်းအဝေးပျက်ခဲ့ကြောင်း၊ အစည်းအဝေး ပျက်ရခြင်းပေါ် KIO ဒုတိယ ဥက္ကဋ္ဌ-၂ ဟောင်း ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP) ဥက္ကဋ္ဌ ဒေါက်တာ Manam Tu Ja (မနမ် တူးဂျာ) ကချင်သတင်းဌာန KNG သို့ **"ကျနော့်အမြင်ကတော့ အခု တရုတ်က ဒီငြိမ်းချမ်းရေး ရစေချင်တဲ့အတွက်ကြောင့် စေတနာနဲ့ တွေ့ဆုံပေးတာပေါ့လေ။ ဟို အရင်ကလည်း နှစ်ခါလောက်ရှိပြီ။ တပ်အချင်းချင်းတွေ့ဆုံနိုင်အောင် ကြားကနေ ဆောင်ရွက်ပေးတယ်။ အခုက ငြိမ်းချမ်းရေးကော်မတီနဲ့ KIO ပန်ပြီး တွေ့ဆုံနိုင်အောင် ဆောင်ရွက်ပေးတာပေါ့။ ဒါမဲ့ ဒီ ကာရက်ရှင် နှစ်ဖက်က ကြိုတင်ပြင်ဆင်မှုမှာ အားနည်းတယ်လို့ မြင်တယ်။ ဟို တွေ့ဆုံပွဲမှာ အလွတ်သဘော တွေ့ဆုံမယ်ဆိုရင်လည်း ကြိုတင် ညှိနှိုင်းရမယ်။"** ဟုပြောခဲ့သည်။ (KachinNews)

ကချင်ပြည်နယ်တွင် တိုက်ပွဲများကြောင့် ပိတ်မိပြည်သူလွတ်မြောက်ရေးလှုပ်ရှားမှု ဦးဆောင်သူသုံးဦးမှ တပ်မတော်အားအသရေဖျက်ပြောဆိုခဲ့သည်ဟု ဆိုကာ ဒုဗိုလ်မှူးကြီးမျိုးမင်းဦးမှ တရားလိုပြုတရားစွဲဆိုခဲ့သည့်အမှုကို မြစ်ကြီးနားမြို့နယ်တရားရုံးတွင် စစ်ဆေးရာတိုက်ပွဲကြား ပိတ်မိပြည် သူများ၏ အောက်ခြေမှာဖြစ်ပျက်ခဲ့သော အခြေအနေများထွက်ဆိုခဲ့မှုကို တရားလိုဖြစ်သည့် ဒုဗိုလ်မှူးကြီးကိုယ်တိုင် ကြားသိခွင့်ရခဲ့သည်ကို ဝမ်းသာကြောင်း တရားစွဲဆိုခံထားရသူ ဒေါ်နန်ပူ၏ ရှေ့နေဒေါ်ဒွဲဘူမှ ပြောခဲ့သည်။ (Kachinwaes)

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှနုတ်ထွက်မည့် ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားသွားရန်ရှိကြောင်း UNFC ဒုဥက္ကဋ္ဌလည်းဖြစ် မွန်ပြည်သစ်ပါတီ (NMSP) ၏ ဒုဥက္ကဋ္ဌလည်းဖြစ်သူ နိုင်ဟံသာ မှပြောခဲ့သည်။ **" မဟုတ်သေးဘူးဗျ။ မသေချာသေးဘူးနော်။ အရင်က ဆုံးဖြတ်ထားတာတော့ရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ပြန်သုံးသပ်မှာပါ။ ပြန်စဉ်းစားဖို့အခု အစီစဉ်ရှိနေတယ်"**ဟု နိုင်ဟံသာမှပြောခဲ့သည်။ (Mizzima)

ရွှေဂါရောင်တော်လှန်ရေး (၁၁) နှစ်ပြည့်အခမ်းအနားတွင် ပြည်သူများလက်ရှိကြုံတွေ့နေသည့် တရားဥပဒေစိုးမိုးရေးနှင့် ကုန်ဈေးနှုန်းမြင့်တက် နေသည့်ကိစ္စများ ပြေလည်အောင်ဖြေရှင်းပေးရန် အစိုးရအဖွဲ့နှင့် တပ်မတော်ထံ ပန်ကြားစာပေးပို့တောင်းဆိုမည်ဖြစ် ကြောင်း ရွှေဂါရောင် သံဃာတော်များမှ မိန့်ကြားခဲ့သည်။ (7Day)

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ ဖမ်းဆီးခြင်း ခံထားရသူ နမ်းမိုဟွမ် ပြန်လွတ်ပေးရန်အတွက် စက်တင်ဘာ ၇ ရက်နေ့တွင် နမ့်ခမ်းမြို့ ၌ မိသားစုများနှင့်အတူ ဒေသခံ ၁၀၀၀ ကျော် ပါဝင်ပြီး ဆန္ဒပြခဲ့သည်။ အဆိုပါ ဆန္ဒပြပွဲအား နမ့်ခမ်းမြို့လူငယ်အဖွဲ့၊ သွေးစည်း ညီညွတ်ရေး UP ၊ နိုင်ငံရေးပါတီ၊ ပြည်သူ့ရဲတပ်ဖွဲ့တို့မှ လုံခြုံရေး ယူပေးခဲ့သည်။ (ShanNews) (RFA) (7day) (Marnagar) (Mizzima) (MyanmarNow) (MyanmarNow) (DVB)

မြန်မာ့တပ်မတော်မှ နယ်မြေရှင်းလင်းမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာ သိန်းချီ ထွက်ပြေးခဲ့ရခြင်းနှင့် ပတ်သတ်ပြီး ICC အမှုလိုက် ရှေ့နေချုပ်က တောင်းဆိုမှု ပြုလုပ်ခဲ့သည့်အပေါ် တရားသူကြီး သုံးဦးပါ အဖွဲ့မှ မြန်မာနိုင်ငံအရေးနှင့် ပတ်သတ်၍ စစ်ဆေးနိုင်သည်ဟု ဆုံးဖြတ်ခဲ့သည်။ (BBC) (Reuters) (RFA)

သြဂုတ်လကုန်ပိုင်းက ကျော်နီမော်ကျေးရွာသို့ နေပြည်တော် လူဝင်မှု ကြီးကြပ်ရေးဦးစီးမှ တာဝန်ရှိသူများမှ အစွလာမ် ဘာသာဝင် စုစုပေါင်း ၃၃၀၀ ကျော်အား ကမန်တိုင်းရင်းသားအဖြစ် နိုင်ငံသား စီစစ်ရေး ကဒ်ပြားထုတ်ပေးခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်းနှင့် ပြန်လည် စီစစ်ပေးရန်အတွက် ကန့်ကွက်စာအား စက်တင်ဘာလ ၅ ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ပါတီမှ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ ပေးပို့ခဲ့သည်။ (Mizzima)

ကရင်အမျိုးသားအစည်းအရုံး (KNU) ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်ဥက္ကဌ ပဒိုစော မူးဒိုသည် စက်တင်ဘာလ ၆ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး စက်တင်ဘာလ ၉ ရက်နေ့တွင် ပိုင်ကျုံ ဆက်ဆံရေးရုံး၌ ပြုလုပ်ခဲ့သည်။ (KIC)

ရိုက်တာ သတင်းထောက် ၂ ဦး အား ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ခြင်းနှင့် ပတ်သတ်၍ စက်တင်ဘာလ ၇ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့ မြန်မာသံရုံးရှေ့ ၌ ဖမ်းဆီးခံ ရိုက်တာ သတင်းထောက် ၂ ဦးအား ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ (VOA)

စစ်တွေမြို့နယ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များမှ တရားစွဲဆိုခံနေရသည့် ဒေါက်တာ အေးမောင် စာရေးဆရာ ဝေဟင်အောင်တို့နှင့် လူငယ် ၈ ဦးတို့အား ပြစ်မှုမှ လွတ်မြောက်ပေးစေလိုအကြောင်း နိုင်ငံတော် သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တို့ထံ စက်တင်ဘာလ ၈ ရက်နေ့တွင် စာပေးပို့ခဲ့သည်။ (TheVoice)

ဒဂုံဆိပ်ကမ်း စက်မှုဇုန်ရှိ ဖုယွင်အထည်ချုပ်စက်ရုံ အလုပ်သမားများသည် စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ဆူးလေ မြို့တော် ခန်းမရှေ့ကမှ ၁၈ လမ်းအထိ လမ်းလျှောက်ဆန္ဒပြကာ အလုပ်သမား သမဂ္ဂဖွဲ့ခြင်းနှင့်ပတ်သတ်၍ အဖွဲ့ဝင် ၃၀ ဦးတို့အား အလုပ်ထုတ်ခဲ့ခြင်းကို ပြန်လည် ရုတ်သိမ်းရန်နှင့် အခြား တောင်းဆိုချက် ၈ ချက်တို့ကို ကြွေးကြော် ဆန္ဒပြခဲ့သည်။ (MMtime) (BBC) (MyanmarNow)

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနားမှ ရိုဟင်ဂျာ အရေးနှင့် ပတ်သတ်ပြီး ၇၃ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဆိုပြုချက်အသစ်များ တင်သွင်းပြီး အဆိုပါ ပြဿနာ ဖြေရှင်းရေးအတွက် နိုင်ငံတကာသို့ တိုက်တွန်းမည်ဟု ပြောဆိုခဲ့ကြောင်း The Daily Star မှ ရေးသားခဲ့သည်။ (SDtime)

စက်တင်ဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ဦးဥတ္တမပန်းခြံ၌ ပြုလုပ်သည့် (၇၉) နှစ် မြောက် သျှင်ဦးဥတ္တမနေ့ အခမ်းအနား ပြုလုပ်ခဲ့သည်။ (TheLadies)

စက်တင်ဘာလ ၉ ရက်နေ့ ညနေပိုင်းတွင် အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ ကရင်အမျိုးသား သဟာယ အသင်းရုံးခန်း၌ ရန်ကုန်မြို့အခြေစိုက် ကရင်ပြည်သူ့ပါတီ (KPP)နှင့် ကရင်အမျိုးသားပါတီ (KNP) ခေါင်းဆောင်များ တွေ့ဆုံခဲ့ပြီး နောက်တကြိမ် ရွေးကောက်ပွဲ ယှဉ်ပြိုင်ရာတွင် မဲဆန္ဒနယ် တူညီမှု မရှိအောင် ညှိနှိုင်းဆွေးနွေးခဲ့သည်။ (KIC)

စက်တင်ဘာလ ၉ ရက်နေ့ နံနက် ၉ နာရီခွဲခန့်က မုံရွာမြို့၊ ရွှေစည်းခုံစေတီတွင် နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် ဖမ်းဆီးထောင်ချခံရသည့် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး ပြန်လည် လွတ်မြောက်ရေးအတွက် သတင်းသမားများ စုပေါင်း၍ ဆုတောင်းပွဲပြုလုပ်ခဲ့သည်။ (TheVoice)

စက်တင်ဘာလ ၁၀ ရက်နေ့ နေ့လည်ပိုင်းတွင် ရခိုင်ပြည်နယ်၊ မောင်းတောမြို့ ရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်း (MRCS) တို့၏ ရုံးရှေ့များတွင် မောင်းတော ဒေသခံများမှ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ (DVB) (Irrawaddy) (BBC) (Narinjara)

စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို နိုင်ငံတော် သစ္စာဖောက်မှု၊ နိုင်ငံတော် အကြည်ညို ပျက်စေမှုတို့ဖြင့် စစ်တွေခရိုင် တရားရုံးမှ စွဲချက်တင်လိုက်သည်။ အဆိုပါကိစ္စနှင့်ပတ်သတ်၍ **"ရာဇသတ်ကြီး ပုဒ်မ ၁၂၂ (၁)၊ ပုဒ်မ ၅၀၅ (ခ) နဲ့ကစွဲချက်တင်တာ ဖြစ်ပြီး၊ ပုဒ်မ ၁၇ (၁) ကိုတော့ ပယ်ဖျက်လိုက်တယ် သူတို့တွေကို အကြောင်းအခြင်းအရာ တစ်ခုတည်းကို မူတည်ပြီး ပုဒ်မ ၃ခုခွဲပြီး တရားစွဲဆိုခဲ့ရာက ပုဒ်မတစ်ခုကို ပယ်လိုက်တာ ဖြစ်တယ်လို့ စာရေးဆရာ ဝေဟင်အောင်ရဲ့ရှေ့နေ ဒေါ်အေးနှစ်နိ"** မှ ပြောခဲ့သည်။ (BBC) (VOA) (Narinjara) (Narinjara)

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည့်ရဲ့ ဒီမိုကရေစီအရေး ဦးဆောင်လှုပ်ရှားမှုများအား ဂုဏ်ပြုသည့်အနေဖြင့် Scotland နိုင်ငံ၊ Aberdeen မြို့ကောင်စီနဲ့ Amnsesty International – Aberdeen အဖွဲ့ခွဲတို့က Hazlehead ပန်းခြံအတွင်းတွင် ထားသော ကြေးသွန်းအမည်ပြားအား ဖြုတ်ချရန် စက်တင်ဘာလ ၁၀ရက်နေ့တွင် Aberdeen မြို့ တော်ကောင်စီမှ ဆုံးဖြတ်ခဲ့သည်။ (VOA)

စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၀၀ ခန့်မှ တပ်မတော်ထောက်ခံ ကြောင်းနှင့် ပြည်ပနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ဆန့်ကျင်လုပ်ဆောင်မှု များကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ပွဲပြုလုပ်ခဲ့သည်။ (7Day) (RFA)

CSSU အစည်းအဝေးကျင်းပနိုင်ရေး အစိုးရထံ ခွင့်ပြုချက်ထပ်မံတင်ပြတောင်းခံမည်ဖြစ်ကြောင်းကို **"သူတို့ခွင့်မပြုဘဲနဲ့သွားလုပ်လိုက်ရင် မဖြစ်ဘူးပေါ့နော် ဖွတ်အတင်းလုပ်ရင်တားရယ် ဆီးရယ်နဲ့ သိက္ခာကျတာပေါ့ ဒါပေမယ့် တို့ကတော့သိပ်တော့ မျှော်လင့်ချက်မထားပါဘူး"** ဉက္ကဌ စိုင်းအိုက်ပေါင်းက စက်တင်ဘာလ ၁၀ရက်နေ့တွင် ပြောခဲ့သည်။ (7Day)

စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဘင်္ဂလား ဒေ့ရှ် နယ်စပ်ခြံစည်းရိုး တစ်ဖက်၌ နေထိုင်သော ရိုဟင်ဂျာများအား မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ရိက္ခာ ထောက်ပံ့မှုကို အလိုမရှိကြောင်း မောင်တောဒေသခံ ၃၀၀ ခန့်က လမ်းလျှောက်၍ ဆန္ဒထုတ်ဖော်ခဲ့သည်။ (7Day)

ရိုဟင်ဂျာအရေးနှင့် ပတ်သတ်၍ မြန်မာနိုင်ငံရှိ ထိပ်တန်း စစ်ဘက် အရာရှိများကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ၏ တိုက်တွန်းချက်များ ထွက်ပေါ်နေစဉ် ဉရောပသမဂ္ဂနိုင်ငံအများအပြားက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများ တိုးချဲ့ရန် စဉ်းစားနေကြောင်း Politico သတင်းဌာနက ဖော်ပြသည်။ (Politico) (7day)

မြန်မာ့တပ်မတော်မှ ကထန်ယန်ဒေသခံနှစ်ဦးဖြစ်သည့် ဦးဖော်ယမ်လဆမ် နှင့် ဦးလဖျော်ခေါင်ဒေါင် နှစ်ဦးအား စက်တင်ဘာလ ၅ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး မတရားအသင်း ဆက်သွယ်မှု ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့်တရားဆွဲထားသည်။ စက်တင်ဘာ ၂၄ ရက်တွင် ပထမအကြိမ် ရုံးချိန်း အဖြစ် စတင် စစ်ဆေးသွားမည် ဖြစ်သည်။ အဆိုပါ သူတို့ ၂ ဦး အမြန်ဆုံးလွတ်မြောက်နိုင်ရန် မိသားစုဝင်များမှ နိုင်ငံတော် သမ္မတ၊ နိုင်ငံတော် အတိုင်ပင်ခံနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများသို့ စာရေးသား တောင်းဆိုခဲ့သည်။ (KIC)

မြန်မာနိုင်ငံအတွင်း သတင်းမီဒီယာသမားများအပေါ် ဖိနှိပ် ချုပ်ချယ်မှုများ ဆက်လက် ပြုလုပ်နေသည့်အပေါ် ကုလသမဂ္ဂက ပြင်းထန်စွာ ဝေဖန်ခဲ့သည်။ အာဏာပိုင်များဘက်မှ ဥပဒေများ ထုတ်ပြန်ပြီး သတင်းသမားများအပေါ် တည်ဆဲ ဥပဒေမျိုးစုံဖြင့် ဖမ်းဆီးအရေးယူ တရားစွဲ ထောင်ချနေခြင်း၊ လွတ်လပ်စွာ သတင်းရယူခွင့်ကို ခြိမ်းခြောက် အန္တရာယ် ပြုနေခြင်းများကို ပြန်သုံးသပ်ရန် လူ့အခွင့်အရေး ကော်မရှင်နာ မဟာမင်းကြီး Michelle Bachelet က ဂျနီဗာမြို့မှာ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ ညီလာခံ၌ တောင်းဆိုခဲ့သည်။ အဆိုပါတောင်းဆိုခဲ့မှုအပေါ်တွင် မြန်မာနိုင်ငံမှာ သတင်းလွတ်လပ်ခွင့် နှိပ်ကွပ်ခံရတဲ့ အစီရင်ခံစာကို သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ CPJ ကလည်း ကြိုဆိုခဲ့သည်။ (VOA) (VOA)

ရေးချောင်းဖျားအခြေစိုက် မွန်ပြည်သစ်ပါတီဗဟိုဌာနချုပ်သို့ ရိက္ခာပစ္စည်းသွားရောက်လှူဒါန်းခဲ့သူ မွန်သံဃာတော် အရှင်အဇ္ဇ (ခေါ်) အရှင်ဉက္ကံသ(ခေါ်) ဦးဇင်းဖော်လတ်ထံ ချောင်းဆုံမြို့နယ် သာသနာရေး ဦးစီးမှူးက စက်တင်ဘာလ ၁၀ ရက်နေ့ နေ့လည် ပိုင်းအချိန်တွင် တွေ့ဆုံ၍ သတိပေးခဲ့ပြီး နယ်လုံမှ လည်း သတိပေးခဲ့သည်။ (MonNews) (RFA)

ဖားအံမြို့နယ် စံဖရီးကျေးရွာအုပ်စု စံဖန်ကျေးရွာအနီးရှိ အငြင်းပွားမှုများဖြစ်ပွားနေသည့် မြေယာပေါ်တွင် စိုက်ထူထားသည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ မြေယာ အသိပေးဆိုင်းဘုတ်များ ဖျက်ဆီးခံရမှု ကိစ္စကို စုံစမ်းစစ်ဆေး အရေးယူမှုများပြုလုပ်ပေးရန် ဒေသခံများက စက်တင်ဘာလ ၇ ရက်နေ့တွင် KNU ထီလုံမြို့နယ် တာဝန်ရှိသူများထံ စာရေးသားပေးပို့ ခဲ့သည်။ (KIC)

Australia နိုင်ငံသည် မြန်မာနှင့် စစ်ရေးဆက်ဆံမှုများကို ချက်ချင်းအဆုံးသတ်ရန်အတွက် Australia နိုင်ငံ၏ ACID နိုင်ငံတကာဖွံ့ဖြိုးရေးကောင်စီနှင့် လူ့အခွင့်ရေးအဖွဲ့ကြီး ၃ ဖွဲ့ဖြစ်သည့် Amnesty International, Human Rights Law Centre နှင့် Human Rights Watch တို့မှ စက်တင်ဘာလ ၁၁ ရက်နေ့ပတွင် ပူးတွဲ ကြေညာချက် ထုတ်ပြန် တောင်းဆိုခဲ့သည်။ (VOA)

အရှေ့တောင်အာရှရှိ ထိပ်သီးဇည့်လမ်းညွှန် စာအုပ်များအနက် တစ်ခုဖြစ်သော Travel Fish က ရိုက်တာ သတင်းထောက်နှစ်ဦး ထောင်ချခံရမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ ၎င်းတို့ နောက်ထပ် သုတေသနပြုတော့မည် မဟုတ်ဟု ကြေညာပြီး ၎င်းတို့ဝက်ဘ်ဆိုက်မှတစ်ဆင့် မြန်မာနိုင်ငံတွင် ဟိုတယ်ငှားရမ်းခြင်းအတွက် ဝင်ငွေများကို ယင်းသတင်းထောက်များ မိသားစုအတွက် လှူဒါန်းမည်ဟု ပြောခဲ့သည်။ (7day)

တပ်မတော်အသရေပျက်မှုဖြင့် တရားစွဲဆိုထားခံရသော ဆန္ဒပြကချင်လူငယ်ခေါင်းဆောင် (၃)ဦးကို မြို့နယ်တရားရုံးမှ စွဲချက်အမိန့်ချခဲ့သည့်အပေါ် စွပ်စွဲခံရသူများမှ လက်ခံကျေနပ်မှု မရှိသဖြင့် စွဲချက်မိန့် ပယ်ဖျက်ပေးရန် စက်တင်ဘာလ ၁၂ ရက်နေ့တွင် မြစ်ကြီးနား ခရိုင်တရားရုံး သို့ ပြင်ဆင်လွှာ တင်ခဲ့သည်။ (KIC)

မြန်မာနိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေအရ ငြိစွန်းအပြစ်ရှိသည်ဟု ဆုံးဖြတ်ကာ ထောင်ဒဏ် ခုနစ်နှစ်စီ အပြစ်ပေးခံလိုက်ရသည့် 'ရိုက်တာ'သတင်းဌာနမှ မြန်မာသတင်းထောက် နှစ်ဦးကို စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည့် ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း၏ ၃၄ ကြိမ်မြောက် နိုင်ငံရေးအကျဉ်းသားများ ဂုဏ်ပြုပွဲတွင် ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။ (MyanmarNow) (Mizzima)

## နိုင်ငံတကာဆက်ဆံရေး

ဩဂုတ် ၂၉ နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ (Independent Commission of Enquiry) တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ လွတ်လပ်သော စုံစမ်း စစ်ဆေးရေးကော်မရှင်အဖွဲ့အား ရခိုင်အရေးကိစ္စနှင့် ပတ်သက်၍ သက်သေခံအချက်များ အပေါ်မူတည်ပြီး မှန်ကန် မျှတသောအဖြေကို ရှာဖွေဖော် ထုတ်ကာ နိုင်ငံတကာကို ဖြေရှင်းဆောင်ရွက်သွားမည့် အခြေအနေများအား ပြောကြားခဲ့သည်။ (MOI)

ဩဂုတ်လ ၃၀ ရက်နေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမား၊ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်တို့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်ဦးမြင့်သူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (Sc Office)

ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရာဇီးနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဒုတိယဝန်ကြီး H.E. Henriq ue da Silveira Sardinha Pinto တို့ တွေ့ဆုံခဲ့သည်။ (MOI)

ဩဂုတ်လ ၃၁ ရက်နေ့တွင် နီပေါ နိုင်ငံ၌ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး တက်ရောက်လျက်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အိန္ဒိယ သမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီ အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံမှ အပြုသဘောဆက်လက် ပူးပေါင်းဆောင်ရွက်ရေး၊ ကုလားတန်မြစ်စီမံကိန်းကို အရှိန် အဟုန်မြင့် တင်ဆောင်ရွက်ရေးနှင့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင် ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပုံချို ဦးထွန်းနေလင်း နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။(MOI)

ဩဂုတ်လ ၃၁ ရက်နေ့ ဒေသစံတော်ချိန် နေ့လည် ၁ နာရီတွင် ကတ္တမန္ဒူးမြို့ရှိ Soaltee Crown Palaza Hotel , Tilicho Room ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဘူတန်နိုင်ငံကြားဖြတ်အစိုးရအဖွဲ့၏ အကြီးအကဲနှင့် အကြံပေးအရာရှိချုပ် မစ္စတာဒါရှိုရှာရင်းဂမ်ချတ်အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအပြန်အလှန်လည်ပတ်မှု၊ နှစ်နိုင်ငံပြည်သူ အချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာ - ဘူတန် နှစ်နိုင်ငံအကြားလေကြောင်းပျံသန်းမှု စတင်နိုင်ရေး အတွက်အလားအလာများ ရှာဖွေ ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင် ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပုံချို ဦးထွန်းနေလင်း နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ (MOI)

ဩဂုတ်လ ၃၁ ရက်နေ့တွင် ကတ္တမန္ဒူးမြို့ရှိ Soaltee Crown Palaza Hotel , Tilicho Room ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Rajesh Kaji Shrestha ဦးဆောင်သည့် အဖွဲ့ဝင်များအား တွေ့ဆုံခဲ့သည်။ ၂၀၁၈ နှစ် အောက်တိုဘာလအတွင်း နီပေါနိုင်ငံတွင် ကျင်းပမည့် ကုန်စည် ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးကုမ္ပဏီများနှင့် ကုန်သည်ကြီးများတက်ရောက်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် နှစ်ဘက်လုပ်ငန်းရှင်များအကြား အပြန်အလှန်လည် ပတ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နီပေါ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း နှင် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ (MOI)

ဩဂုတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ Soaltee Crown Palaza Hotel , Tilicho Room ၌ ပြုလုပ်သည့် ဘင်းမ်စတက်ထိပ်သီး(သီးသန့်)အစည်းအဝေးနှင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးပိတ်ပွဲ အခမ်းအနား သို့ တက်ရောက်ခဲ့သည်။ (MOI)

ဩဂုတ်လ ၃၁ ရက်နေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ် အထူးဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန် ကြီးများသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များအားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များအား ရခိုင်ဒေသ အတွင်း ပြီးခဲ့သော၂၀၁၇ အရေး အခင်းအပါအဝင်၊ ယခင့်ယခင်နှစ်များက ဖြစ်ပေါ်ခဲ့သော ARSA အကြမ်းဖက် မှုဖြစ်စဉ်များ နှင့်ပတ်သက်၍ လည်းကောင်း၊ လက်ရှိ လက်ခံရေးစခန်းများ နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်လုပ်ဆောင် ထားရှိမှုများအားလည်းကောင်း ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးမှ ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။ (MOI)

ဩဂုတ် ၃၁ ရက်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တတိယအကြိမ်မြောက် မြန်မာ-ဘရာဇီး နှစ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား နိုင်ငံရေးရာဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှု၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်၊ ပညာရေး၊ ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များနှင့် အခြား နှစ်နိုင်ငံအကျိုးစီး ပွား တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ ကြသည်။ ဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ နိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးH.E. Antonio J.M. de Souzae Silva၊ ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ဌာန၊ အရှေ့အာရှဆိုင် ရာ ညွှန်ကြားရေးမှူးချုပ် Ambassa-dor Maria Izabel Vieira နှင့် ဘရာဇီးသံရုံးမှ တာဝန် ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတည်ထောင်ခြင်း နှစ် ၃၀ ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် အပြည်ပြည် ဆိုင်ရာညီလာခံသို့ တက်ရောက်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် အဖွဲ့သည် စက်တင်ဘာလ၁ရက်နေ့ ည ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။ (MOI)

စက်တင်ဘာ ၂ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းနိုင်ငံ၊ ဘန်ဒါစရီဘီဂါဝမ်မြို့တွင် ကျင်းပပြုလုပ် မည့် (၃၈)ကြိမ်မြောက် အာဆီယံအမျိုးသား ရဲအဖွဲ့ ရဲချုပ်များ ညီလာခံသို့ တက်ရောက်ရန် ထွက်ခွာသွားခဲ့သည်။ (MOI)

စက်တင်ဘာလ ၄ ရက်နေ့ နေ့လည် ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa ,PVSM , AVSM ,YSM ,VM , ADC အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး၊ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေး အန္တရာယ် ဆိုင်ရာ ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံအကြားပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (MOI) (SC Office)

စက်တင်ဘာလ ၄ ရက်နေ့တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယ တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa, PVSM, AVSM, YSM, VM, ADC တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲ နေမှု အခြေအနေများ၊ နှစ်နိုင်ငံ လေတပ်များအကြား အတွေ့အကြုံများ ဖလှယ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လေပိုင်နက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်း ဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ခရီးစဉ်များ အပြန် အလှန်သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ကိုပါ ပိုမိုတိုးမြှင့်နိုင်သည့် အခြေအနေများကို ဆွေးနွေး ခဲ့ကြသည်။တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီး ချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး အိန္ဒိယ တပ်မတော် လေတပ်ဦးစီး ချုပ်နှင့်အတူ အိန္ဒိယတပ်မတော် လေတပ်မှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Naveen Mahajan နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

စက်တင်ဘာလ ၅ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် တို့ တွေ့ဆုံခဲ့သည်။တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့သည်။ (MOI)

စက်တင်ဘာလ ၆ ရက်နေ့ နံနက် ၈ နာရီမှ ၁၁ နာရီ ၃၀ မိနစ်အချိန်ထိ မောင်တောမြို့နယ်၊ နယ်မြေ(၂)၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်ဇူနယ်မြေရဲစခန်းမှ ဒုတိယရဲမှူး ထွန်းထွန်းစိုး ဦးစီးသည့် တပ်ဖွဲ့ဝင်(၁၅)ဦး၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁)နယ်ခြားစောင့်တပ် Chakdhala ကင်းစခန်းမှ Naib Subedar Md. Wares Sarkar ဦးစီး(၁၅)ဦးတို့သည် မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင်(၄၄)မှ (၄၅)ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင် လှည့်ကင်းဆောင်ရွက်ခဲ့သည်။ (MOI)

စက်တင်ဘာလ ၆ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန် မောင်တောမြို့၊ နယ်မြေ(၃)၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းကင်းစခန်းမှ ရဲအုပ် ကြည်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်(၆)ဦးသည် ရေယာဉ် တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ် ၂ စီးဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Subedar Shaik Adul Jalil ဦးဆောင်သည့် အဖွဲ့ဝင်(၁၂)ဦးသည် စက်တပ် ရေယာဉ် (၂)စီးဖြင့် လည်းကောင်း ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ် မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၅)၌ တွေ့ဆုံပြီး ရေယာဉ်(၄)စီးဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ သဲချောင်း ချောင်းဝအနီး ရေမိုင်အမှတ် (၁၈)သို့ ၁၁ နာရီ ၁၅ မိနစ်အချိန်တွင် ရောက်ရှိပြီး ရေယာဉ်အမှတ် (၁၀၂)ပေါ်၌ နှစ်ဖက်ညှိနှိုင်းကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ပြီး ရှေ့ဆက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများအား ဆွေးနွေးခဲ့သည်။ (MOI)

စက်တင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ Melia Hotel ၌ ဗီယက်နမ်နိုင်ငံ၏ (၇၃) နှစ်မြောက် အမျိုးသားနေ့နှင့် ဗီယက်နမ် - မြန်မာ နှစ်နိုင်ငံအကြား အလုံးစုံ မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှု (၁)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်နှင့် ဗီယက်နမ် သံအမတ်ကြီး H.E. Dr. Lucan Thuy Duong တို့ အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့်ဇနီး ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်း လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပိုနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စား လှယ်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ခဲ့သည်။ (MOI)

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီး မြှုပ်နှံမှု ထိပ်သီး အစည်းအဝေးသို့တက်ရောက်ရန် စက်တင်ဘာလ ၁၀ရက်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။ ၎င်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၀ ရက်နေ့ နံနက် (၁၀)နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုစားလှယ် Ms. Janet E. Jackson နှင့်အဖွဲ့ တို့အားလက်ခံတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် သန်းခေါင်းစာရင်း အချက်အလက်များ အဆင့်ဆင့် ထုတ်ပြန်ခဲ့မှု၊ ပြန်သူ့အင်အား Website မိတ်ဆက်ခြင်း အခမ်းအနားကျင်းပနိုင်မှု၊ အချက်အလက်အသုံးပြု သူများမှ တိကျသေချာသော သန်းခေါင်စာရင်း ဆိုင်ရာ အချက်အလက် အသုံးပြုသူများအတွက် မြို့နယ်အဆင့်

အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ရေး၊၂၀၁၉ ခုနှစ်အတွင်း ကြားဖြတ်သန်းခေါင်းစာရင်း ကောက်ယူနိုင်ရေးနှင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်းစာရင်း ကောက်နိုင်ရေး တို့အတွက် ကြိုတင်ဆောင်ရွက်မှု များအပေါ် UNFPA မှ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် စသည့်ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ (MOI)

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလ ၁၂ ရက်နေ့ ဒေသ စံတော်ချိန် နံနက် ၁၀ နာရီတွင် ဟနွိုင်းမြို့ရှိ National Convention Center ၌ ကျင်းပသည့် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။ (MOI) (MOI) (7day) (MMtime) (DVB)

**စက်တင်ဘာလ ၁၁ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် ကာကွယ်ရေး ဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း နှင့် ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော့မာရုယာမ တို့ တွေ့ဆုံခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ ကျဆုံးခဲ့သည့် ဂျပန်စစ်သားများ၏ ရုပ်ကြွင်းများ ရှာဖွေကောက်ယူ နိုင်ရေးကိစ္စနှင့် ရခိုင်ဒေသအရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။ (MOI)

**စက်တင်ဘာလ ၁၁ ရက်နေ့ နေ့လည် ၁ နာရီတွင်** နေပြည်တော်ရှိ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် နှင့် စပိန်နိုင်ငံ၊ သံအမတ်ကြီး H.E Mr. Emilio De Miguel Calabia တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာ-စပိန် နှစ်နိုင်ငံအကြား လက်ရှိနှင့်အနာဂတ် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ တရားရုံး အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို အကာအကွယ်ပေးရေး၊ ခုံရုံးဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ရေးတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ချိုနှင့် ဒေါ်လှမျိုးနွယ်၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၁ ရက်နေ့တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ ဆောင်အမှတ် (I-11) ၌ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu တို့ တွေ့ဆုံခဲ့ပြီး ဥပဒေရေးရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၁ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E.Mr.KeremDivanlioglu တွေ့ဆုံခဲ့ပြီး တူရကီ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ လွှတ်တော် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေး ကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ (MOI)

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ဌာနချုပ်၌ စက်တင်ဘာ ၁၈ ရက် တွင် စတင်ကျင်းပမည့် (၇၃) ကြိမ် မြောက်ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ အတိုင်ပင်ခံရုံးဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဦးကျော်တင်တို့ ဦးဆောင် သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည် ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန် ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူကမှ အတည်ပြုပြောခဲ့သည်။ (7day)

စက်တင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၂ ရက်နေ့ နေ့လည် ၃ နာရီခန့်တွင် စစ်တွေဟိုတယ်ခန်းမ၌ အစိုးရအဖွဲ့နှင့် အိန္ဒိယနိုင်ငံသံရုံးတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနား ပြုလုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံသံရုံးမှ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနသို့ လှူဒါန်းမည့် ထွန်စက် ၁၅ စီး၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၅ စီးနှင့် ကွန်ပျူတာ တက္ကသိုလ်သို့ ပေးအပ်လှူဒါန်းမည့် ကွန်ပျူတာအလုံး ၄၀ တို့ အား အပ်နှံခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ရှေ့မှောက်တွင် ရခိုင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်း ဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး His excellency, Vikram Misri တို့က သဘောတူညီချက် နားလည်မှု စာချွန်လွှာအား လက်မှတ်ရေးထိုးပြီး လဲလှယ်ခဲ့သည်။ သံအမတ်ကြီးမှ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာ ကာလအတွင်း အမေရိကန် ဒေါ်လာ ၂၅ သန်း အထိ ကူညီသွားမည် ဟု အဆိုပါပွဲတွင် ပြောခဲ့သည်။ (MOI) (RFA) (MMtime)

စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR နဲ့ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် UNDP က ပညာရှင်များ ဝန်ထမ်းများသည် ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး ရိုဟင်ဂျာ ဒုက္ခသည်များ နေရာ ပြန်လည် ချထားရေးနှင့် ပတ်သတ်သည့် လုပ်ငန်းများအတွက် လေ့လာဆန်းစစ်မှုများအား ကျေးရွာ ၂၃ ရွာတွင် နှစ်ပတ်ကြာ နေထိုင်ပြီး ပြုလုပ်မည် ဖြစ်သည်။ (RFA)